# ကြေးမုံ
**The Mirror**

၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့၊ (13-12-2011) (၆၇၂)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

**ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းနှင့် ဇနီးနှင့် အဖွဲ့အား ပို့ဆောင်နှုတ်ဆက်



နေပြည်တော် ဒီဇင်ဘာ ၁၂

**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဘင်္ဂလားဒေ့ရှ် ရေတပ်ဦးစီးချုပ် Vice Admiral Zahir Uddin Ahmed, (ND), ndc, psc ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် ကာကွယ်ရေး ဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်သည်။**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ပို့ဆောင်နှုတ်ဆက် ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းနှင့်ဇနီး ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ကျောက်ဖြူတပ်နယ်မှ ဗိုလ်မှူးချုပ်တင်အောင်စန်း၊ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်စစ်သံမှူး Brig- Gen MD Shahidul Haque, psc တို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့နှင့် ကလို့ထူးဘောအဖွဲ့(ယခင် DKBA )တို့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပြီး နှစ်ဖက်သဘောတူညီချက်များ လက်မှတ်ရေးထိုး

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့ အဖွဲ့ ခေါင်းဆောင် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း ဦးဆောင်သော အဖွဲ့ဝင်ခုနစ်ဦးနှင့် ကလို့ထူးဘော အဖွဲ့မှ ဦးစောလားပွယ် ဦးဆောင်သော ငြိမ်းချမ်းရေးဆွေးနွေးမည့် အဖွဲ့ဝင်ခြောက်ဦးတို့သည် ဘားအံမြို့၌ ၃. ၁၁. ၂၀၁၁ ရက်နေ့က ပြုလုပ်ခဲ့သည့် ပြည်နယ်အဆင့် ပဏာမဆွေးနွေးပွဲမှရရှိခဲ့သည့် သဘော တူညီချက်များအပေါ် အခြေခံ၍ ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့၌ ပထမအကြိမ် ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ကြသည်။ ယင်းသို့ တွေ့ဆုံဆွေးနွေး ပြီးနောက် နှစ်ဦးနှစ်ဖက် သဘောတူညီချက်(၆)ချက်ကို လက်မှတ်ရေးထိုး ကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့**



**ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးမည့် အဖွဲ့နှင့် ကလို့ထူးဘောအဖွဲ့တို့ ဘားအံမြို့၌ ပထမအကြိမ် ပြည်ထောင်စု အဆင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းကြစဉ်။**

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၁၃-၁၂-၂၀၁၁ [အင်္ဂါနေ့]။

# လူသားအားလုံးအတွက် ...ရေ

ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက် ဟူသည့် ဆိုစကားရှိသည်။ ရေသည် လူသားအားလုံးအတွက် မရှိမဖြစ်အရေးပါသောအရာဖြစ်သည်။ ရေကို သဘာဝအလျောက် အလွယ်တကူရရှိနိုင်သကဲ့သို့ အလွယ်တကူမရရှိနိုင်သော ဒေသများလည်း ရှိသည်။ ထို့ကြောင့် ရွှေကိုမလိုရေကိုသာ လိုသည်ဟု ဆိုကြပြန်သည်။ မည်သို့ပင်ဆိုစေကာမူ အသက်တမျှအရေးကြီးသော ရေကို တန်ဖိုးထား၍ ဖြုန်းတီးမပစ်ဖို့ လူသားအားလုံးတွင် တာဝန်ရှိပါသည်။

မြန်မာနိုင်ငံရှိ လူဦးရေအများဆုံးနေထိုင်ရာ ရန်ကုန်မြို့တွင် မြို့နေပြည်သူအများအတွက် နေ့စဉ်ပေးဝေသော ရေဂါလန် သန်း ၁၆၀ အနက် ပေးဝေသောရေပိုက်လိုင်းတစ်လျှောက် ရေပြုန်းတီးမှုနှင့် ရေလေလွင့်ဆုံးရှုံးမှုမှာ ဂါလန်ပေါင်း ၆၄ သန်းခန့်ရှိနေ၍ ရေဆုံးရှုံးမှု ၄၀ ရာခိုင်နှုန်းခန့်ရှိနေသည်ဟု သိရသည်။ အလားတူ အခြားမြို့၊ အခြားနေရာဒေသများတွင်လည်း အနည်းနှင့်အများဆိုသလို ဆုံးရှုံးလေလွင့်မှုများ ရှိနေပါသည်။

ထိုကဲ့သို့ အလဟဿဆုံးရှုံးမှုများနှင့် ပတ်သက်၍ ရေနှင့်သက်ဆိုင်သောအဖွဲ့အစည်းများတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ သုံးစွဲကြသော ပြည်သူတို့တွင်လည်း အဓိကတာဝန်ရှိပါသည်။ ရေကို လွယ်လွယ်ကူကူ ရရှိနေသောပြည်သူများအဖို့ ရေပိုက်ခေါင်းများကို အလွယ်တကူဖွင့်ထားခြင်း၊ လိုအပ်သည်ထက် ပိုမိုသုံးစွဲခြင်းတို့ကို ရှောင်ရှားသင့်ပေသည်။ ယခုအခါ ရေလောင်းအိမ်သာသုံးစွဲမှုမှာ မြို့ပြနေအိမ်အများစုတွင် သုံးစွဲလာပြီဖြစ်၍ မြို့နေပြည်သူအချို့သည် ရေပြုန်းတီးမှု၏ အရေးပါသောလက်သည် ဖြစ်လာပါသည်။

အိမ်သာရေဆွဲတစ်ပုံးလျှင် ရေထမ်းတစ်ပုံးစာမျှရှိပြီး လူတစ်ဦး တစ်နေ့နှစ်ကြိမ် သုံးစွဲရုံမျှဖြင့် ရေတစ်ထမ်း (ရေ ၁၀ ဂါလန်)မျှ ကုန်ဆုံးလျက်ရှိရာမိသားစု ငါးဦး နေထိုင်သော နေအိမ်တစ်အိမ်အတွက် ရေဂါလန် ၅၀ မျှကုန်ဆုံးနေမည်ဖြစ်သည်။ ဤတွင် ချိုးရေမပါဝင်သေး၊ ချိုးရေပါ ပါဝင်လျှင် ရေဂါလန် ၁၀၀ အတွင်းရှိမည်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မြို့နေပြည်သူများအတွက် ရေဂါလန် သန်း ၁၆၀ ဖြည့်ဆည်းပေးနေရခြင်းဖြစ်ပြီး ထိုအထဲတွင် ရေဂါလန် ၆၄ သန်း လေလွင့်ခြင်းလည်း ပါဝင်ရခြင်းဖြစ်သည်။ နိုင်ငံတကာတွင် ရေအိမ်တွင်သုံးစွဲသည့် ရေကို လိုသလို လျှော့ချသုံးစွဲရန်ကြံဆောင်နေကြပြီးဖြစ်ရာ ကျွန်ုပ်တို့နိုင်ငံအဖို့လည်း ထည့်သွင်းစဉ်းစားရမည့်အချက် ဖြစ်သည်။ ဆုံးရှုံးမှုအထဲတွင် အလွယ်တကူ ဆုံးရှုံးမှုတစ်မျိုးမှာ ရေပိုက်ဆက်၊ ရေပိုက်ခေါင်း လုံခြုံမှုမရှိခြင်းလည်း ပါဝင်ပါသည်။ ရေတစ်စက်ချင်းကျနေသော ပိုက်ခေါင်းမှ တစ်ရက်လျှင် တစ်လီတာဝင် ရေသန့်ဘူး ၁၅ ဘူးခန့် ဆုံးရှုံးပါသည်။

ထို့ကြောင့် ရေပိုက်ဆက်များ မလုံခြုံခြင်း၊ ရေပိုက်ခေါင်းများ လုံခြုံစွာမပိတ်မိခြင်း၊ ချိုးရေများကို အလွန်အကျွံသုံးစွဲခြင်း၊ ရေအိမ်ခွက်များ မကြာခဏဆွဲချအသုံးပြုခြင်းတို့ကို သတိပြုကြရမည်ဖြစ်သည်။ မြို့နေလူတို့တစ်ရက်လျှင် ရေဂါလန် ၃၀ သုံးစွဲနေရာမှ ၁၀ ဂါလန် လျှော့ချသုံးစွဲခြင်းဖြင့် ရေဂါလန် သန်း ၆၀ ကျော် ထွက်လာမည်ဖြစ်ရာ ရေမရသော ပြည်သူအများအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။

အုပ်ချုပ်သူများကလည်း ကြပ်မတ်၊ သုံးစွဲသူများကလည်း စနစ်တကျသုံးစွဲကြလျှင် ပိုလျှံသော ရေကို လိုနေသော ပြည်သူကိုပေးနိုင်၊ နိုင်ငံတော်ဘဏ္ဍာလည်း သက်သာမည်ဖြစ်၍ မိမိတစ်ကိုယ်ရေခြိုးခြံချွေတာ၊ စနစ်တကျ ဆောင်ရွက်လိုက်ခြင်းဖြင့် မြတ်သောရေအလှူ အလွယ်တကူ ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံကြီးသားစိတ်ဓာတ်မွေးမြူကာ ရေကိုချွေတာ၍ကုသိုလ်ယူမည့် နိုင်ငံသူ နိုင်ငံသားများဖြစ်စေကြောင်း စေတနာကောင်းဖြင့်တင်ပြလိုက်ပါသည်။ ။

# ပြည်သူများနှင့် ထိတွေ့ဆက်ဆံရာတွင် စိတ်ကောင်းစေတနာအပြည့်ဖြင့် ဝန်ဆောင်မှုများပေး ဝေဖန်အကြံပြုစာများရေးပို့နိုင်ရန် ရုံးများ၌ စာတိုက်ပုံးများ တပ်ဆင်ထားရှိရေးတို့ကို ဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁၂

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံး၌ ဆောင်ရွက်ပေးနေသော ပို့ကုန်သွင်းကုန်လိုင်စင်များ ဆောင်ရွက်နေမှုနှင့် Online System နှင့် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံသည်။**

ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာ၌ လာဘ်ပေး လာဘ်ယူ ကင်းရှင်းရေး၊ လုပ်ငန်းများကို အမှန်ကန်ဆုံးနှင့် အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်ရေး၊ ပြည်သူများနှင့် ထိတွေ့ဆက်ဆံရာတွင် စိတ်ကောင်းစေတနာ အပြည့်ဖြင့် ဝန်ဆောင်မှုများပေးရေး၊ လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဝေဖန်အကြံပြုစာများ ရေးပို့နိုင်ရန် ရုံးများ၌ စာတိုက်ပုံးများ တပ်ဆင်ထားရှိရေးတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ ရန်ကုန်တိုင်းဒေသကြီး (ရုံးခွဲ)သို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ရန်ကုန်တိုင်းဒေသကြီးရှိ ပို့ကုန်သွင်းကုန်လိုင်စင်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၁၂-၂၀၁၁ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ မျိုးချစ်တပ်မတော်
၄း၂၅ ၅။ မြန်မာ့ရှုခင်း
၄း၃၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၄၅ ၇။ အင်္ဂလိပ်စာသုတ
၄း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း -၆၂)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ Guide For You
၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၃၆)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ တစ်လအတွင်းအကြိုက်ဆုံး ဗွီစီဒီတေး
၂၂။ ဟာသရုပ်စုံ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၂၀)**
၂၅။ Mini Series

## အထက ဗလဗ (ရေစကြို) အာစရိယပူဇော်မည်

**ရေစကြို ဒီဇင်ဘာ ၁၂**

ရေစကြိုမြို့နယ် အထက ဗလဗ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက်တွင် အထက ဗလဗ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုသူများသည် ရန်ကုန်မြို့တွင် ဦးခင်မောင်ဇင် ဖုန်း-၆၈၃၅၄၀၊ ရှင်မတောင်စာပေ ဖုန်း-၃၈၆၆၁၇၊ မန္တလေးမြို့တွင် ဦးခင်မောင်ရင် ဖုန်း-၀၉-၆၈၁၀၂၃၃၁၊ ဦးသိန်းဆန်း ဖုန်း-၀၉-၂၀၁၉၉၈၆၊ မြင်းခြံမြို့တွင် ဦးကျော်နိုင်မြင့် ဖုန်း-၀၉-၂၂၁ ၂၅၁၄၊ နေပြည်တော်တွင် ဦးလရောင် ဖုန်း-၀၉-၅၆၆၁၂၀၅၊ ပခုက္ကူတွင် ဦးအေးကို ဖုန်း-၀၉-၂၃၀၁၆၈၄၊ ဦးစိန်လွင် ဖုန်း-၀၉-၂၃၀၀၆၇၈၊ ဦးဇော်မြင့် ဖုန်း-၀၉-၆၅၇၁၀၂၀၊ ဦးဗိုလ်ဝင်း ဖုန်း-၀၉-၂၃၀၁၄၉၈နှင့် ဦးအောင်ကျော်ဆင့် ဖုန်း-၀၉-၂၃၀၂၂၉၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## မန္တလေးကုန်စည်ဈေးနှုန်း

(၁၂-၁၂-၂၀၁၁)

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၇၁၅၀၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၇၁၄၀၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၄၂၅၀၀ |

**ဆန်ဈေး**

**(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)**

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၅၀၀၀ |
| ရွှေဘိုမနော် | ၂၆၀၀၀ |
| မဂျမ်းတော | ၂၈၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဧယာ(ဟောင်း) | ၂၁၅၀၀ |
| ဧယာ(သစ်) | ၁၅၅၀၀ |
| ငစိန် | ၁၄၀၀၀ |
| ရောမင်း(ဟောင်း) | ၂၆၀၀၀ |
| သုခ-မတ္တရာ | ၁၃၀၀၀ |
| ရွှေသွယ် | ၁၂၀၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၃၂၀၀/၃၆၀၀ |
| နှမ်းဆီ | ၂၃၅၀/၂၄၀၀ |
| နေကြာဆီ | ၂၃၀၀/၂၄၀၀ |
| မုန်ညင်းဆီ | ၂၈၀၀/၂၈၀၀ |
| ပဲပုပ်ဆီ | ၁၉၀၀/၂၀၀၀ |
| ဝါစေ့ဆီ | ၁၇၀၀/၁၇၅၀ |
| စားအုန်းဆီ | ၁၈၅၀/၁၈၅၀ |
| ကြက်ဆူဆီ | ၃၂၀၀ |

**စက်သုံးဆီ**

| | |
|---|---|
| ရေနံစိမ်း(တစ်စည်) | ၁၀၈ ဒသမ ၈၈ ဒေါ်လာ |
| ဓာတ်ဆီ(တစ်ဂါလန်) | ၂၅၀၀/၄၅၀၀ |
| ဒီဇယ်ဆီ(တစ်ဂါလန်) | ၃၄၀၀/၃၆၀၀ |

(၀၀၂)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၂-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၁၀၅၀ | ၀. ၀၃၂၁၅ |
| တရုတ် (ယွမ်) | ၆. ၃၆၁၈၀ | ၀. ၁၅၇၁၉ |
| အိန္ဒိယ (ရူပီး) | ၅၂. ၈၃၅၀ | ၀. ၀၁၈၉၃ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၆၄၈၀ | ၀. ၃၁၅၉၈ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၇၄၅ | ၀. ၇၇၀၇၄ |
| ဂျပန် (ယန်း) | ၇၇. ၇၉၅၀ | ၀. ၀၁၂၈၅ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၄၉. ၆၉ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၅၃၈၅ | ၁. ၃၂၆၅၃ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၉၈၂ | ၁. ၅၆၂၉၄ |

*အင်တာနက်။*

## ဒေသကောလိပ် (ရန်ကုန်) (2nd Batch) မွေးမြူရေးဒီပလိုမာသင်တန်းသား၊သင်တန်းသူများ မိတ်ဆုံစားပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ဒေသကောလိပ်(ရန်ကုန်) (2ndBatch) မွေးမြူရေးဒီပလိုမာသင်တန်းသား၊ သင်တန်းသူများ၏ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီနောက်ဆုံးပတ်တွင် ကျင်းပမည်ဖြစ်ရာ ဒေါက်တာသာဒွန်းကျော် ဖုန်း-၀၉-၄၉၃၀၇၀၃၉၊ ဒေါက်တာဌေးလှ ဖုန်း-၀၉-၅၁၄၆၀၉၀၊ ဒေါက်တာမောင်မောင်စိန် ဖုန်း-၀၉-၅၀၁၉၀၅၉၊ ဒေါက်တာမျိုးမင်း ဖုန်း-၀၉-၅၁၃၄၃၈၉၊ ဒေါက်တာဇော်ဝင်း ဖုန်း-၀၉-၈၆၄၅၄၁၇၊ ဒေါက်တာမြင့်ကျော် ဖုန်း-၀၉-၄၉၃၃၆၁၀၇နှင့် ဦးဇော်လွင်-ဒေါ်သီသီသန့် ဖုန်း-၀၉-၅၂၀၀၀၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**နိုဝင်ဘာ ၂၅ ရက်က ဒလမြို့နယ် အလကများမှ ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၏ ဆိုးကျိုးများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်ဝင်း ဟောပြောစဉ်။** (၆၁၁)

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



# ပြည်သူများအကြား မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာအပေါ် စိတ်ဝင်စားမှုမြှင့်တင်ရန် အနုပညာသရုပ်ဖော်မှုများကို ယဉ်ကျေးမှုအခြေခံမပျောက်စေဘဲ တီထွင်ဆန်းသစ်တင်ဆက်သင့်

ရန်ကုန် ဒီဇင်ဘာ ၁၂

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များအား တွေ့ဆုံ၍ သဘင်လောကနှင့် သဘင်လောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားသည်။**



တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးမှ ပညာရှင်ကြီးများနှင့် ယနေ့ တွေ့ဆုံရခြင်းမှာ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးနှင့် သဘင်လောက၏ အခြေအနေအရပ်ရပ်ကို ဆွေးနွေးညှိနှိုင်းပြီး မိမိအနေဖြင့် လိုအပ်သည်များဖြည့်ဆည်းကူညီနိုင်ရန်၊ အနာဂတ်ကာလတွင် သဘင်လောကနှင့် သဘင်လောကသားများအကျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည်များကို ဝိုင်းဝန်းစဉ်းစား ဆွေးနွေးနိုင်ရန်အတွက်ဖြစ်ကြောင်း။

သဘင်လောကသားများသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအကြိုကာလ၊ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်သည့် ကာလတစ်လျှောက်လုံး နိုင်ငံတော်အစိုးရ အဆက်ဆက်နှင့် ပူးပေါင်းလက်တွဲ၍ အမျိုးသားရေးတာဝန်ကို ကျေပွန်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းများ ပိုင်ဆိုင်ခဲ့ပြီးဖြစ်ကြောင်း။

အလားတူ နိုင်ငံတော်အစိုးရအဆက်ဆက်ကလည်း သဘင်လောကနှင့် သဘင်လောကသားများအတွက် လိုအပ်သည့် ပံ့ပိုးမှုများကို အစဉ်တစိုက်အားပေးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆက်လက်၍ နိုင်ငံတော်အစိုးရအနေဖြင့် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့်လည်းကောင်း သဘင်လောကနှင့် လောကသားများအကျိုးအတွက်တတ်နိုင်သမျှ အားပေးကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာများ မတိမ်ကောမပပျောက်ဘဲ ဆက်လက်ထွန်းကားရှင်သန်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကို ဖွင့်လှစ်တည်ထောင်လျက် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာများ ရေရှည်တည်တံ့ထွန်းကားရေးအတွက် လေ့ကျင့်ပေးလျက်ရှိကြောင်း။

ထို့ပြင် ပန်းချီ၊ ပန်းပုပညာရပ်များအပြင် အခြားပန်းပညာရပ်များကိုလည်း ဘာသာရပ်တစ်ခုအဖြစ် တိုးချဲ့သင်ကြားပေးနိုင်အောင် လေ့လာဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာများ မတိမ်ကော မပပျောက်စေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိပြီး ဆက်လက်၍လည်း ပိုမိုအလေးထားကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ပြင် သဘင်လောကသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုနှစ်တွင် သဘင်သက်ကြီးပူဇော်ပွဲကို ကျင်းပ၍ သဘင်ပညာရှင်ကြီးများအား ယခင်ကထက်ပိုမိုပံ့ပိုး အားပေးနိုင်ခဲ့ကြောင်း၊ အငြိမ့်၊ ဇာတ်သဘင်နှင့် ရုပ်သေးအနုပညာ ပညာရပ်တို့သည် မိမိတို့လူမျိုး၏ မူပိုင် အမျိုးသားအမွေအနုပညာများဖြစ်ကြောင်း၊ သို့သော် ပြောင်းလဲလာသည့် ခေတ်စနစ်ကြောင့် ယင်းအနုပညာများအပေါ် လူငယ်လူရွယ်များ၊ ပြည်သူများအတွင်းစိတ်ဝင်စားမှု၊ စိမ့်ဝင်ပျံ့နှံ့မှုအားနည်းလာသည်ကို တွေ့ရှိရကြောင်း။

ပြည်သူများ၊ လူငယ်လူရွယ်များအကြား မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာ ပညာရပ်များအပေါ် စိတ်ဝင်စားမှု ပိုမိုမြှင့်တင်နိုင်ရန်အတွက် အနုပညာသရုပ်ဖော်မှု၊ ကပြဖျော်ဖြေမှုများကို ရိုးရာယဉ်ကျေးမှုအခြေခံများ မပပျောက်စေဘဲ တီထွင်ဆန်းသစ်မှုများဖြင့် ပေါင်းစပ်သရုပ်ဖော်တင်ဆက်သွားသင့်ကြောင်း။

ထို့အပြင် ရိုးရာယဉ်ကျေးမှုကို အခြေခံပြီး တီထွင်ဆန်းသစ်ထားသည့် သရုပ်ဖော်တင်ဆက်မှုများကို အိုင်တီနည်းပညာရပ်များ၊ လူအင်အား (Mass)၊ မီးအလင်းရောင် (Light)၊ အသံအထူးပြုလုပ်မှု(Sound)၊ သရုပ်ဖော်မှု(Performance)များနှင့် ပေါင်းစပ်ရန် ပိုမိုဆွဲဆောင်မှုရှိလာအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သဘင်လောကသားများအနေဖြင့် ပြည်ပလေ့လာမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ သင်တန်းပို့ချမှုများ ပြုလုပ်ပြီး သဘင်ပညာတိုးတက်ရေး မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘင်လောကအတွင်းသို့ လူငယ် လူရွယ်မျိုးဆက်သစ်များ ပိုမိုပါဝင်လာနိုင်ရန်အတွက် စည်းရုံးလေ့ကျင့်ပျိုးထောင်နေရာပေးရမည်ဖြစ်ကြောင်း။

သဘင်အနုပညာလုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးအောင်မြင်စေရန် ရည်ရွယ်လျက် ယဉ်ကျေးမှုဝန်ကြီးဌာနက ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ အမျိုးသားဇာတ်ရုံများ ပိုမိုခေတ်မီအောင် ဖြည့်ဆည်းပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလားတူ ကမ္ဘာလှည့်ခရီးသည်အများအပြား လာရောက်လည်ပတ်သည့် ပုဂံဒေသ၌လည်း ခေတ်မီ ကဇာတ်ရုံတစ်ရုံရှိသင့်ကြောင်း၊ သို့ပါ၍ ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

သဘင်လောကနှင့် လောကသားများ၏ ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများတွင် အသင်းအဖွဲ့ကြီးတစ်ခု၏ ဂုဏ်အင်္ဂါနှင့် လျော်ညီစွာ ထိုက်ထိုက်တန်တန် ပံ့ပိုးကူညီနိုင်ရန် ရန်ပုံငွေများရရှိလာရေးအတွက် အစည်းအရုံးမှ အမှုဆောင်များ၊ လောကသားများနှင့်အတူ ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် သဘင်လောကသားများသည် သဘင်လောကနှင့် သဘင်လောကသားများ၏အကျိုးကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရင်း တစ်ဖက်ကလည်း ပြည်သူများ၏ လိုလားချက်ဆန္ဒနှင့်အညီ အစိုးရအဖွဲ့သစ်၏ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ယခင်သမိုင်းအစဉ်အလာကောင်းများနှင့်အညီ ဆက်လက်ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်မာဒင်က သဘင်ပညာရပ်များ ဆန်းသစ်တီထွင်မှုနှင့် သဘင်လောကသားများ၏ လူမှုရေးကိစ္စရပ်များကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးရဲဒွေးက အစည်းအရုံး၏ စည်းမျဉ်းစည်းကမ်းများ အတည်ပြုရေးကိစ္စရပ်များနှင့် တိမ်မြုပ်နေသော သဘင်ပညာရပ်များ လူငယ်များအကြား ထိုးဖောက်ပျံ့နှံ့ရေးကိစ္စရပ်များကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးအောင်တင်ဝင်းက အစည်းအရုံးရန်ပုံငွေကိစ္စရပ်များကို လည်းကောင်း၊ စာရင်းစစ် ဦးမိုးမင်းက သဘင်ပညာရပ် (ဆို၊ ငို၊ ပြော)ကို ပြည်သူများ စိတ်ဝင်စားလာရေးကိစ္စရပ်များကို လည်းကောင်း၊ ပြန်ကြားရေးမှူး ရာမဦးအုန်းမောင်က ခေတ်အဆက်ဆက်က ကပြခဲ့သော ဇာတ်သဘင်၏ ဇာတ်လမ်း၊ ဇာတ်ကွက်ဆန်းများ ပြန်လည်ဖော်ထုတ်ရေးကိစ္စရပ်ကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် သဘင်ပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

## အမှာစကားပြောကြား

**ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





## ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ စာရင်းကိုင်(၂) လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၂

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ စာရင်းကိုင်(၂)လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂/၂၀၁၁)ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(ရုံးချုပ်) သင်တန်းခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ရန်ကုန်အခြေစိုက်ဓာတ်အားပေးစက်ရုံများမှ သင်တန်းသား၊ သင်တန်းသူ ၅၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင် စာရင်းကိုင်(၂) လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၁၁) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (အငြိမ်းစားဝန်ထမ်းများ) (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၂

အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၇၅)နှစ်အထက် အငြိမ်းစားဝန်ထမ်းများအား (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ဒီဇင်ဘာ ၃၁ ရက် (စနေနေ့) နံနက် ၁၀ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ မူလစာရင်းတွင်ပါဝင်ခြင်းမရှိသေးသော အသက်(၇၅)နှစ်အထက် ဝန်ထမ်းများ ဆက်သွယ်ကြရန်နှင့် သက်ကြီးပူဇော်ပွဲသို့ တက်ရောက်ရန် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ဝန်ထမ်းဟောင်းများနှင့် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးတင်မြင့် ဖုန်း-၀၉-၄၃၁၇၅၄၅၅၊ ဦးလွင်ဦး ဖုန်း-၀၉-၅၀၄၆၇၈၀၊ ဦးအေးမောင်သန်းနှင့် ဦးမြင့်အေး (ဇီဝိတဒါနသံဃာ့ဆေးရုံကြီး) ဖုန်း-၀၁-၅၄၅၇၈၂၊ ၀၁-၅၄၁၇၉၅၊ ဦးစံနီမောင် ဖုန်း-၀၉-၇၃၀၇၆၁၈၇၊ ဦးမြင့်ရွှေ ဖုန်း-၀၉-၄၃၁၅၈၀၆၃၊ ဦးရဲမြင့် ဖုန်း-၀၉-၇၃၁၁၁၂၇၀ နှင့် ဦးမြင့်သိန်း ဖုန်း-၀၉-၅၁၈၅၁၃၂တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**နိုဝင်ဘာ ၂၈ ရက်က ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်ဈေးသစ် ဓမ္မပါလ ဆွမ်းလောင်းဓမ္မာရုံကြီး၌ မှုခင်းကျဆင်းရေးနှင့် အိမ်သုံးဆေးဝါး အလွဲသုံးစွဲမှုဆိုးကျိုးအန္တရာယ် တားဆီးကာကွယ်ရေး ဟောပြောဆွေးနွေးစဉ်။** (ကြေးမုံ)

## မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။

(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများ ပြုပြင်ရှင်းလင်းထားပါ။

(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။

(ဃ) ရပ်ကွက်အတွင်းလူ နေအိမ်များ စနစ်တကျဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။

(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

**မီးသတ်ဦးစီးဌာန**

 နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ




ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်ရှိ ရှမ်စီလေတပ်အခြေစိုက်စခန်းကို တွေ့ရစဉ်။

# ပါကစ္စတန် ရှမ်စီလေတပ်စခန်းမှ ကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းထွက်ခွာ

အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၂

**ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် ရှမ်စီလေတပ်အခြေစိုက်စခန်း၌ ဖြန့်ကြက်ထားသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၁၁ ရက်တွင် အမေရိကန်စစ်ဘက်က ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း သိရသည်။**

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ နိုဝင်ဘာ ၂၆ ရက် လေကြောင်းထိုးစစ်ကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ ဦး သေဆုံးခဲ့ရခြင်းကို လက်တုံ့ပြန်သည့်အနေဖြင့် ရှမ်စီလေတပ်စခန်းမှ အမေရိကန်တပ်ဖွဲ့ဝင်အားလုံး ဒီဇင်ဘာ ၁၁ ရက် နောက်ဆုံးထား၍ ထွက်ခွာသွားရန် ပါကစ္စတန်အစိုးရက တောင်းဆိုထားသည်။

နေတိုးအဖွဲ့၏ နိုဝင်ဘာ ၂၆ ရက် လေကြောင်းထိုးစစ်ကို အကြောင်းပြု၍ အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ နေတိုးတပ်ဖွဲ့များအတွက် အသုံးပြုသော ထောက်ပို့လမ်းကြောင်းများကိုလည်း ပါကစ္စတန်အစိုးရက ပိတ်ထားခဲ့ပြီး ဂျာမနီနိုင်ငံ ဘွန်းမြို့၌ ကျင်းပသော အာဖဂန်အနာဂတ်ရေးဆိုင်ရာ နိုင်ငံတကာ ညီလာခံသို့လည်း တက်ရောက်ခဲ့ခြင်းမရှိပေ။

နေတိုးတပ်ဖွဲ့သည် အာဖဂန်နယ်စပ်ရှိ ပါကစ္စတန်တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားကာ နိုဝင်ဘာ ၂၆ ရက် လေကြောင်းထိုးစစ်အား ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံက စွပ်စွဲပြောကြားသည်။

သို့ရာတွင် အမေရိကန်စစ်ဘက်နှင့် နေတိုးတပ်ဖွဲ့က ပါကစ္စတန်၏ စွပ်စွဲမှုကို ငြင်းပယ်ခဲ့ပြီး လေကြောင်းထိုးစစ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ရှမ်စီလေတပ်အခြေစိုက်စခန်းမှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းခဲ့ရသော်လည်း အာဖဂန်နှင့် ပါကစ္စတန် နယ်စပ်တွင် လုပ်ဆောင်နေသော မောင်းသူမဲ့လေယာဉ် စစ်ဆင်ရေးများကို ကြီးကြီးမားမားထိခိုက်စေဖွယ်မရှိကြောင်း အမေရိကန် ထောက်လှမ်းရေးကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့များကို ရှမ်စီလေတပ်စခန်းမှ ရုပ်သိမ်းပေးရခြင်းနှင့် ပတ်သက်၍ အမေရိကန်တာဝန်ရှိသူများက ချက်ချင်းအတည်ပြုခြင်းမရှိခဲ့ပေ။ ***အင်တာနက်။***

# အမေရိကန်မောင်းသူမဲ့လေယာဉ်၏ လျှို့ဝှက်ချက်များ ဖော်ထုတ်နိုင်တော့မည်ဟု အီရန်ပြောကြား

တီဟီရန် ဒီဇင်ဘာ ၁၂

**အီရန်တပ်ဖွဲ့များက ပစ်ချသိမ်းယူနိုင်ခဲ့သည်ဆိုသော အမေရိကန်မောင်းသူမဲ့ထောက်လှမ်းရေးလေယာဉ်၏ အချက်အလက်များအား ရှာဖွေဖော်ထုတ်ရာတွင် အီရန်ကျွမ်းကျင်သူများသည် နောက်ဆုံးအဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်သံဌာနက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။**

အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ)၏ အေကျူ-၁၇၀ အမျိုးအစား မောင်းသူမဲ့လေယာဉ်အား လက်ဝယ်သိမ်းပိုက်နိုင်ခဲ့ခြင်းကို မဟာအောင်မြင်မှုတစ်ရပ်အဖြစ် အီရန်အစိုးရကသတ်မှတ်ထားသည်။ ယင်းအပြင် ထောက်လှမ်းရေးစနစ်နှင့် နည်းပညာစစ်ပွဲ၌ အီရန်က အမေရိကန် ပြည်ထောင်စုအပေါ် အောင်မြင်ခြင်းတစ်ရပ်လည်းဖြစ်ကြောင်း အီရန်အစိုးရက သတ်မှတ်ထားသည်။

မောင်းသူမဲ့လေယာဉ်များအသုံးပြု၍ အီရန်၏ အချုပ်အခြာကို အမေရိကန်ပြည်ထောင်စုက ချိုးဖောက်နေမှုအား တရားစွဲဆိုရာတွင် လက်ဝယ်သိမ်းယူနိုင်ခဲ့သည့် အေကျူ-၁၇၀ မောင်းသူမဲ့ထောက်လှမ်းရေးလေယာဉ်မှ ဖော်ထုတ်နိုင်ခဲ့သော သတင်းအချက်အလက်များကို အသုံးချသွားမည်ဖြစ်ကြောင်း အီရန်လွှတ်တော်အမတ်တစ်ဦးက ပြောကြားခဲ့သည်။

အင်ဂျင်နီယာနည်းပညာအရ အေကျူ-၁၇၀ အမျိုးအစား မောင်းသူမဲ့ထောက်လှမ်းရေးလေယာဉ်မျိုးကို အီရန်က တည်ဆောက်နိုင်စွမ်းရှိကြောင်း အီရန်လွှတ်တော်အမတ် ပါဗစ်ဇ် ဆိုရိုရီက ပြောကြားခဲ့သော်လည်း အသေးစိတ်ထုတ်ဖော်ခဲ့ခြင်း မရှိပေ။

စီအိုင်အေ၏ အေကျူ-၁၇၀ မောင်းသူမဲ့ ထောက်လှမ်းရေး လေယာဉ်ကို အီရန်နိုင်ငံ အရှေ့ပိုင်း၌ ထောက်လှမ်းတွေ့ရှိခဲ့ပြီးနောက် အီလက်ထရွန်နစ် ကြားဖြတ်စစ်ဆင်ရေးစနစ် အသုံးပြု၍ ယင်းလေယာဉ်အား မြေပြင်သို့ ချယူနိုင်ခဲ့ကြောင်း အီရန်နိုင်ငံပိုင်သတင်းဌာနများက ဖော်ပြသည်။

***အင်တာနက်။***



# သမ္မတရွေးကောက်ပွဲ ရုရှားကုဋေကြွယ်သူဌေး ပါဝင်ယှဉ်ပြိုင်မည်

မော်စကို ဒီဇင်ဘာ ၁၂

၂၀၁၂ ခုနှစ် မတ်လ ရုရှားသမ္မတ ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီသစ်တစ်ခုဖွဲ့စည်း၍ သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ရုရှားကုဋေကြွယ်သူဌေး မီခေးလ်ပရိုခိုရော့ဗ် **(အပေါ်ပုံ)**က တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ သမ္မတအဖြစ် ပါဝင်ရွေးကောက်ခံရန် ဆုံးဖြတ်ခဲ့ခြင်းသည် မိမိဘဝအတွက် အရေးကြီးဆုံး ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ခဲ့ရကြောင်း၊ မိမိအနေဖြင့် ရုရှားသမ္မတရွေးကောက်ပွဲ၌ပါဝင်နိုင်ရန် လိုအပ်သော ထောက်ခံမှုများအား ရှာဖွေရယူသွားမည်ဖြစ်ပြီး မကြာမီကာလတွင် ရွေးကောက်ပွဲ၌ ပါဝင်ရန် စာရင်းတင်သွင်းသွားမည်ဖြစ်ကြောင်း ပရိုခိုရော့ဗ်က ပြောကြားခဲ့သည်။

ရုရှားသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းပြီးနောက် ၎င်း၏ နိုင်ငံရေးဆိုင်ရာ ရည်မှန်းချက်များအား ထုတ်ဖော်ဖွင့်ဟသွားမည်ဖြစ်ကြောင်း ပရိုခိုရော့ဗ်က ပြောကြားခဲ့သည်။ ယင်းအပြင် နိုင်ငံရေးပါတီတစ်ခုကိုလည်း အခါအားလျော်စွာ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

သို့ရာတွင် သမ္မတရာထူးဆိုင်ရာ ရည်မှန်းချက်များအတွက် ရုရှားအစိုးရနှင့် ဆွေးနွေးနေကြောင်း သတင်းများကိုမူ ရုရှားစီးပွားရေးလုပ်ငန်းရှင် ပရိုခိုရော့ဗ်က ငြင်းဆန်ခဲ့သည်။

ရုရှားသမ္မတ ရွေးကောက်ပွဲဝင်ရန်အတွက် အခြေခံအင်အားအဖြစ် ရုရှားလူလတ်တန်းစားများကို ရွေးချယ်ထားသည့် ပရိုခိုရော့ဗ်က လက်ရှိဝန်ကြီးချုပ် ဗလာဒီမာပူတင်အား ပြစ်တင်ဝေဖန်ခြင်းဖြင့် မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိဝန်ကြီးချုပ် ဗလာဒီမာပူတင်၏ ညီညွတ်သော ရုရှားပါတီသည် ဒီဇင်ဘာ ၄ ရက်က ကျင်းပသော ပါလီမန်ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သော်လည်း ယင်းရွေးကောက်ပွဲသည် မဲမသမာမှုများရှိခဲ့ကြောင်း သတင်းများ ပေါ်ထွက်လျက်ရှိသည်။

***အင်တာနက်။***



အီတလီနိုင်ငံ ဗင်းနစ်မြို့တော်သို့ ဝင်ရောက်လာသော ခရီးသည်တင် အပျော်စီးသင်္ဘောတစ်စင်းကို တွေ့ရစဉ်။

# ရေတိုက်စားမှုကြောင့် ကမ္ဘာ့ယဉ်ကျေးမှုမြို့တော် ဗင်းနစ်သို့ ခရီးသည်တင်အပျော်စီးသင်္ဘောကြီးများ ဆိုက်ကပ်ခွင့်ပိတ်ပင်ရဖွယ်ရှိ

ဗင်းနစ် ဒီဇင်ဘာ ၁၂

**ရေတိုက်စားမှုအန္တရာယ် စိုးရိမ်ရခြင်းကြောင့် အီတလီနိုင်ငံ ဗင်းနစ်မြို့သို့ ရောမခရီးသည်တင် အပျော်စီးသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်ခွင့်ကို ပိတ်ပင်နိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၁၁ ရက် သတင်းများတွင် ဖော်ပြထားသည်။**

ဗင်းနစ်မြို့တော်ကို ပင်လယ်ထုံးအိုင်ဒေသ ကမ်းပါးပေါ်၌ တည်ထားခြင်းဖြစ်ရာ ခရီးသည်တင် အပျော်စီးသင်္ဘောကြီးများ ခုတ်မောင်းရာမှ ထွက်ပေါ်လာသည့်ရေလှိုင်းများကြောင့် မြို့တော် တည်ထားရာ ကမ်းခုံကို ရေတိုက်စားမှုဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ခရီးသည်တင် အပျော်စီးသင်္ဘောကြီးများကြောင့် ဗင်းနစ်မြို့တော် ရေတိုက်စားခံနေရသည့်ပြဿနာကို ဆွေးနွေးရန် မြို့တော်ဝန် ဂျော်ဂျီယိုအော်ဆိုနီသည် မြို့တော်၏ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အကြီးအကဲများနှင့် ဒီဇင်ဘာ ၆ ရက်က တွေ့ဆုံခဲ့ပြီးဖြစ်သည်။

ကုလသမဂ္ဂ၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဗင်းနစ်မြို့တော်သို့ ခရီးသည်တင်အပျော်စီးသင်္ဘောကြီးများ ဝင်ရောက်ခြင်းမှာ မဆန်းပြားလှသော်လည်း ယင်းသင်္ဘောကြီးများ ဆိုက်ကပ်ရမည့်နေရာများကို ကန့်သတ်ပေးရန် တောင်းဆိုမှုများ ပေါ်ထွက်လျက်ရှိသည်။

ဗင်းနစ်မြို့တော်၏ သဘာဝပတ်ဝန်းကျင်နှင့် အလှတို့ကို ဆိုးကျိုးသက်ရောက်မှု နည်းနိုင်သမျှ နည်းစေရေးအတွက် ခရီးသည်တင် အပျော်စီးသင်္ဘောများ ဆိုက်ကပ်ခွင့်ရှိသည့်နေရာအား အီတလီကုန်းမကြီးရှိ ပေါ်တိုမာဂီရာ ဆိပ်ကမ်းသို့ လွှဲပြောင်းပေးနိုင်ကြောင်း ဗင်းနစ်မြို့တော်ဝန်က ပြောကြားခဲ့သည်။

**များပြားလာခဲ့**

ဗင်းနစ်မြို့တော်သို့ ခရီးသည်တင် အပျော်စီးသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်မှုသည် နှစ်စဉ်တိုးမြင့်လာလျက်ရှိရာ ၂၀၀၀ ပြည့်နှစ်တွင် သင်္ဘောစင်းရေ ၂၀၀ ဝင်ရောက်ခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၅၁၀ အထိ များပြားလာခဲ့သည်။

ဗင်းနစ်မြို့တော်သို့ ဝင်ရောက်ဆိုက်ကပ်ခဲ့သော ခရီးသည်တင်သင်္ဘောများထဲတွင် အလျားပေ ၁၀၀၀ နီးပါးမျှရှိ၍ ကုန်းပတ် ၁၆ ထပ်ပါဝင်ပြီး ခရီးသည် ၄၀၀၀ နီးပါးမျှတင်ဆောင်နိုင်သည့် ရောမသင်္ဘောကြီးများလည်း ပါဝင်သည်။

***အင်တာနက်။***

# အင်္ဂါဂြိုဟ် မြေအောက်လွှာဒေသများ၌ သက်ရှိများ ရှင်သန်နိုင်သည့် အပူချိန်နှင့်ဖိအား တည်ရှိနေနိုင်

ကင်ဘာရာ ဒီဇင်ဘာ ၁၂

ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ အင်္ဂါဂြိုဟ်မြေမျက်နှာပြင်၏ မြေအောက်လွှာဒေသအများအပြားသည် အဏုဇီဝသက်ရှိများ ရှင်သန်နိုင်စွမ်းရှိသည့် သင့်လျော်သော အပူချိန်၌ ရေကိုထိန်းသိမ်းထားနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၁၂ ရက် သတင်းများတွင် ဖော်ပြသည်။

ဩစတြေးလျ သိပ္ပံပညာရှင်များသည် ကမ္ဘာဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့၏ အပူချိန်နှင့် ဖိအားအခြေအနေများကို နှိုင်းယှဉ်လေ့လာကာ အင်္ဂါဂြိုဟ်၌ သက်ရှိများ နေထိုင်နိုင်စွမ်းရှိသည့် အလားအလာများအား မှန်းဆတွက်ချက်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။

အင်္ဂါဂြိုဟ်မျက်နှာပြင်၏ ဖိအားနိမ့်ပါးသော သဘာဝအခြေအနေကြောင့် ယင်းဂြိုဟ်ပေါ်တွင် ရေသည် အရည်အဖြစ်တည်ရှိနိုင်စွမ်းမရှိဘဲ အငွေ့ပြန်သွားလေ့ရှိသည်။ သို့ရာတွင် လိုအပ်သော ဖိအားပေးနိုင်သည့် မြေလွှာအလေးချိန်ရှိ မြေအောက်ဒေသများတွင် ရေကို အရည်အသွင် ထိန်းသိမ်းထားနိုင်ဖွယ်ရှိကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ယင်းအပြင် အင်္ဂါဂြိုဟ်မြေမျက်နှာပြင် မြေအောက်လွှာဒေသများတွင် ထိုက်သင့်သော အပူချိန်နှင့်ဖိအား အခြေအနေတို့ရှိနေခြင်းကြောင့် အဏုဇီဝသက်ရှိများ နေထိုင်၍ ရဖွယ်ရှိကြောင်း ဩစတြေးလျသိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။ အင်္ဂါဂြိုဟ် မြေမျက်နှာပြင်၏ ပျမ်းမျှအပူချိန်သည် -၆၃ ဒီဂရီ ဆဲလ်စီးယပ်စ်(-၈၁ ဒီဂရီဖာရင်ဟိုက်)ရှိပြီး ယင်းဂြိုဟ်၏ ဝင်ရိုးစွန်းဒေသများ၌ ရေသည် ရေခဲအသွင်ဖြင့် တည်ရှိနေကြောင်း သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ပြီးဖြစ်သည်။

အင်္ဂါဂြိုဟ်သည်နေမှ ပျမ်းမျှအားဖြင့် ကီလိုမီတာ သန်းပေါင်း ၂၃၀ ကွာဝေးပြီး နေကိုတစ်ပတ်ပတ်မိရန် ၆၈၇ ရက် အချိန်ယူရသည်။ ယင်းဂြိုဟ်သည် ၎င်း၏ ဝင်ရိုးပေါ်၌ ၂၅ ဒသမ ၁၉ ဒီဂရီတိမ်းစောင်း၍ လှည့်ပတ်လျက်ရှိရာ ကမ္ဘာ့ဝင်ရိုးတိမ်းစောင်းမှုနှင့် မတိမ်းမယိမ်းဖြစ်သောကြောင့် ရာသီဥတုအခြေအနေများ အလွန်နီးစပ်မှုရှိသည်။

***အင်တာနက်။***







## တက်ရောက် အားပေး

**ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရုပ်သံလွှင့်နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်နှင့် Forever Group Co., Ltd. CEO ဦးဝင်းမော်က နှုတ်ခွန်းဆက်စကားပြောကြားစဉ်။**

(သတင်းစဉ်)

### ❒ ရှေ့ဖုံးမှ

အဆိုပါသဘောတူညီချက်များမှာ-

(၁) ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့က ကရင်ပြည်နယ် ငြိမ်းချမ်းမှုတည်ဆောက်ရေးအဖွဲ့နှင့် ကလို့ထူးဘောအဖွဲ့ (ယခင် DKBA)မှ ငြိမ်းချမ်းရေးတည်ဆောက်ရေးအဖွဲ့တို့ လက်မှတ်ရေးထိုးခဲ့ကြသော ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဏာမသဘောတူညီချက်ကို အတည်ပြုရန် သဘောတူသည်။

(၂) ကရင်ပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကရင်ပြည်နယ်ကို ပြည်ထောင်စုအတွင်းမှ မည်သည့်အခါမျှ ခွဲမထွက်ရန် သဘောတူသည်။

(၃) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရန် သဘောတူသည်။

(၄) ဆုံဆည်းမြိုင်ဒေသတွင် ယာယီအခြေပြု၍ စုကလိဒေသတွင် နယ်မြေဖွံ့ဖြိုးတိုးတက်ရေး၊ ကလို့ထူးဘော တပ်ဖွဲ့ဝင်များနှင့် မိသားစုများ အခြေချနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ အစိုးရနှင့် ပူးပေါင်းပြီး ဆောင်ရွက်ရန် သဘောတူသည်။

(၅) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ တိုက်ဖျက်ရေးအား ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူသည်။

(၆) ဆက်လက်ပြီး ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်သွားရန် သဘောတူသည်။

ဟူ၍ ဖြစ်သည်။

ထို့နောက် နိုင်ငံတော်အစိုးရက ပေးအပ်သော ဆန်အိတ် ၂၀၀ နှင့် ဆီပိဿာ ၁၀၀ ကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ်က ပေးအပ်သော အမှတ်တရလက်ဆောင်ပစ္စည်းများကို လည်းကောင်း အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းနှင့် အဖွဲ့ဝင်များက ကလို့ထူးဘောအဖွဲ့သို့ ပေးအပ်ကြပြီး ကလို့ထူးဘောအဖွဲ့မှလည်း လက်ဆောင်ပစ္စည်းများ အသီးသီးပြန်လည်ပေးအပ်ကြသည်။

၎င်းနောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးမည့် အဖွဲ့ဝင်များနှင့် ကလို့ထူးဘောအဖွဲ့ဝင်များ အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ✳ ကျောဖုံးမှ

တက်ရောက်လာသူများ၊ ဦးဆောင်ဆွေးနွေးသူများ၊ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Myanmar Info - Tech ပင်မဆောင်၌ ပြသထားသည့် Harmonic Singapore၊ Broadcast Technology Limited၊ Forever Group နှင့် Playbox Technology (Asia- Pacific) စသည့် ရုပ်သံလွှင့်ကုမ္ပဏီများ၏ ရုပ်သံလွှင့်ပစ္စည်းများနှင့် အသုံးပြုနိုင်မှုများကို လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

### ❍ အလုပ်အကိုင်အခွင့်အလမ်းမှ

တူးဖော်ထုတ်လုပ်ရေး၊ လုပ်ငန်းခွင်လုံခြုံရေး၊ ကျောက်တူးလုပ်သားများ ဘေးအန္တရာယ်ကင်းရေး၊ လိုဏ်လမ်းတစ်လျှောက် သံကူကွန်ကရစ်ဒေါက်တိုင်များ ဆောက်လုပ်ထားရေး၊ ရေပေါက်ထွက်မှု၊ အောက်ဆီဂျင် လေပြတ်မှုမဖြစ်စေရန်၊ ခေတ်မီနည်းစနစ်များ အသုံးပြုဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင်ဆောင်ရွက်ရေး၊ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုချင်းစီအလိုက် သစ်ပင်ပျိုးဥယျာဉ် အနည်းဆုံးတစ်ခုစီဖြင့် ဒေသတွင် ဖြစ်ထွန်းပေါက်ရောက်သည့် အပင်များကို ယခုရာသီတွင် ပျိုးပင် ၁၀၀၀၀ ထက်မနည်း စတင်ပျိုးထောင်ထားပြီး လာမည့်မိုးရာသီတွင် တစ်အုပ်တစ်မ စိုက်ပျိုးရေးတို့ကို စီမံဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ယာဉ်အန္တရာယ်သိမှတ်ဖွယ်

## လုံ့လောက်သော ပညာပေးစည်းရုံးမှု၊ ကြပ်မတ်စစ်ဆေးအရေးယူမှုများ ပြုလုပ်နေပါသော်လည်း ယာဉ်မတော်တဆ ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးမှုများ ဖြစ်နေဆဲပါ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ကောင်းမွန်ကျေညက်စွာ နားလည်မှုမရှိသေးခြင်း၊ နားလည်ကြသူများကလည်း စည်းကမ်းလိုက်နာမှု အားနည်းခြင်းနှင့် မဆင်မခြင် အပြိုင်မောင်းနှင်ကြခြင်းတို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်တိုက်မှုနှင့် ပျက်စီး၊ ဒဏ်ရာရ၊ သေဆုံးမှုများ ဖြစ်ပေါ်နေဆဲဖြစ်သည်။ အဆိုပါဖြစ်စဉ်များတွင် အဓိကကျသည့် အရင်းအမြစ်ပြဿနာများမှာ အရက်သေစာ အလွန်အကျွံသောက်စားမူးယစ်ပြီး မောင်းနှင်ခြင်းနှင့် တလွဲမာနထားကာ အပြိုင်အဆိုင် မောင်းနှင်ကြခြင်းကြောင့် ဖြစ်သည်။

"မြို့မဈေးဘက်အဝင် တောင်ညိုလမ်းမကြီးပေါ်ကနေ ဘယ်ဘက်ကို ဆတ်ခနဲချိုးဝင်လိုက်တာ ကားတစ်စီးနဲ့ တိုက်တော့မလိုဖြစ်ပြီး လွတ်သွားတယ်။ ပြီးတော့ နောက်ဆိုင်ကယ်တစ်စီးနဲ့ မျက်နှာချင်းဆိုင် တိုက်မိတော့မလို ထပ်ဖြစ်တဲ့ အခါကျတော့ သူ့ဟာသူ ကြောက်လန့်ပြီး ကွေ့မိကွေ့ရာ ဆွဲကွေ့လိုက်တာ ရပ်ထားတဲ့ကျွန်တော့်ဆိုင်ကယ်ကို ဝင်တိုက်ပြီးမှ အရှိန်သတ်သွားတယ်။ ပလက်ဖောင်းပေါ်ကို မျက်နှာနဲ့ကျပြီး သတိမေ့နေပြန်တော့ အတိုက်လည်း ခံရသေး၊ အမှုလည်းပတ်တော့မှာပဲဆိုတဲ့စိတ်နဲ့ သူပြန်သတိရအောင် ပြုစုပေးရသေးတယ်။ နှေလယ်ခင်းကြီးမှာတောင် သူ့ကိုယ်က အရက်နံ့ထောင်းထောင်းထနေတာ။ သတိလည်းပြန်ရရော ပတ်ဝန်းကျင်မှာ ဝိုင်းပြုစုပေးနေတဲ့သူတွေကိုတောင် မူးမူးရူးရူးနဲ့ မချေမငံပြောပြီး စောစောက မောင်းလာသလိုမျိုး ပြန်မောင်းထွက်သွားတယ်။ တကယ်လို့သာ အဲ့ဒီအချိန် သူသေသွားခဲ့ရင် နေရင်းထိုင်ရင်းနဲ့ ကျွန်တော်က ဒုက္ခရောက်ရဦးမှာ"ဟု မူးယစ်သောက်စားပြီး မဆင်မခြင်မောင်းနှင်သူတစ်ဦးကြောင့် ထိခိုက်ခဲ့ရဖူးသည့် ဝန်ထမ်းတစ်ဦးက ပြောပြသည်။

၂၀၁၀ ခုနှစ် ဧပြီလနှင့် ယခုနှစ် ဧပြီလနှိုင်းယှဉ်ပြယာဉ်ထိခိုက်မှုစာရင်းတွင် ယခုနှစ်သည် ပိုမိုမြင့်မားကြောင်း သိရသည်။ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် ပညာပေးဟောပြောမှုများ၊ ကြပ်မတ်စစ်ဆေးအရေးယူမှုများကို အရှိန်အဟုန်မြင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသော်လည်း ယာဉ်ထိခိုက်မှုနှင့် ဒဏ်ရာရသေဆုံးမှုနှုန်းမှာ ရုတ်ခြည်းနိမ့်ကျသွားခြင်းမျိုး မရှိသေးဟု သိရသည်။

"အရေးကြီးပြီး အချက်အချာကျတဲ့ လမ်းဆုံလမ်းခွအတော်များများမှာ ယာဉ်အချက်ပြ မီးပွိုင့်တွေ တပ်ဆင်ထားပြီးဖြစ်ပါတယ်၊ အဓိကပြဿနာကတော့ လူတွေစည်းကမ်းလိုက်နာမှု အားနည်းနေခြင်းပါပဲ။ ကျွန်တော်တို့ကို မြင်ရင်တော့ ဦးထုပ်မဆောင်းထားတဲ့သူတွေကလည်း ဦးထုပ်ဆောင်းကြ၊ သုံးယောက်စီးလာတဲ့သူတွေကလည်း နှစ်ယောက်တည်းဖြစ်သွားအောင် တစ်ယောက်ကို ဆင်းခိုင်းနဲ့ လုပ်ကြတယ်။ ကျွန်တော်တို့မျက်ကွယ်လည်းရောက်ရော စီးချင်သလိုစီး၊ မောင်းချင်သလိုမောင်းတော့တာပဲ။ အဲဒါတွေကြောင့် မကြာခဏဆိုသလို မတော်တမှုတွေဖြစ် ဖြစ်နေတာ"ဟု နေပြည်တော်ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချောမွေ့ကောင်းမွန်သည့် လမ်းများပေါ်တွင် နေ့စဉ်နှင့်အမျှ ဥဒဟိုသွားလာနေကြရာ၌ ခရီးတွင်စေရန် အဓိကထားအသုံးပြုရမည့်အစား ဘေးအန္တရာယ်ကို လက်ယပ်ဖိတ်ခေါ်နေသကဲ့သို့ မောင်းနှင်နေကြခြင်းသည်လည်း ယာဉ်မတော်တဆဖြစ်မှုများ၏ ဇာစ်မြစ်တစ်ခုဖြစ်လာသည်။

မော်တော်ဆိုင်ကယ်မောင်းနှင်စီးနင်းရာတွင် ဦးထုပ်မဆောင်းခြင်း၊ လူငယ်သဘာဝ တလွဲမာနဖြင့် တစ်ဦးနှင့်တစ်ဦး မခံချင်စိတ်ဖြင့် အပြိုင်အဆိုင် မောင်းနှင်ကြခြင်းနှင့် မူးယစ်သောက်စားမောင်းနှင်မှုများကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုများတွင် လူငယ်လူရွယ်များ ပါဝင်မှုအများဆုံး ဖြစ်နေသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း ပြေးဆွဲမောင်းနှင်သွားလာနေကြသည့် မော်တော်ယာဉ်လိုင်းများမှ ကားကြီး/ကားငယ်များနှင့် ယင်းတို့ကို မောင်းနှင်အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ယာဉ်မောင်းအချို့တွင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအပေါ် အတိအကျ လိုက်နာကျင့်သုံးမှုအားနည်းနေသေးကြောင်း တွေ့မြင်နေရသည်။ တန်ပိုယာဉ်များ၊ အဝေးပြေးယာဉ်လိုင်းကားများနှင့် မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းကြီးငယ်များအနေဖြင့် မော်တော်ဆိုင်ကယ်မောင်းနှင် စီးနင်းသွားလာကြသူများအပေါ် ငဲ့ညှာစာနာမှုထားရှိရန် လိုအပ်သကဲ့သို့ အပြန်အလှန်အားဖြင့် မော်တော်ဆိုင်ကယ်စီးနင်းကြသူများကလည်း မော်တော်ယာဉ်မောင်းနှင်သွားလာကြသူများအပေါ် မထီမဲ့မြင်ပြု မောင်းနှင်ခြင်းမျိုး မပြုလုပ်ကြဘဲ အပြန်အလှန် လေးစားမှုထားရှိကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာကြပါက ယာဉ်အန္တရာယ်၊ ထိခိုက်ဖြစ်ပွားမှုအန္တရာယ်များ ယခုထက် ပိုမိုလျော့ပါးသွားနိုင် ခြေရှိကြောင်း သိရှိရသည်။

ယာဉ်မတော်တဆထိခိုက်မှုနှုန်း မြင့်မားလာခြင်းနှင့် ဒဏ်ရာရသေဆုံးမှုနှုန်း မြင့်တက်လာခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ရည်သန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်သစ်ကြီးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်ဖြစ်စေသကဲ့သို့ ကုန်ထုတ်စွမ်းအားစုအရင်းအမြစ်ကိုလည်း တိုက်ရိုက်ထိခိုက်စေနိုင်သည်။

နိုင်ငံ၏မြို့တော်ဖြစ်သော နေပြည်တော်ကို စည်းစနစ်ကျနကောင်းမွန်စွာ ဖွံ့ဖြိုးဝေဆာခေတ်မီသည့် မြို့တော်တစ်ခု၏ အင်္ဂါရပ်များနှင့်ညီညွတ်စေရန် ရည်သန်၍ မတော်တဆ ယာဉ်ထိခိုက်မှုများနှင့် နောက်ဆက်တွဲ အနိဋ္ဌာရုံ မြင်ကွင်းများ ချုပ်ငြိမ်းပပျောက်သွားစေလိုသော ဆန္ဒမွန်ဖြင့် ရေးသားဖော်ပြလိုက်ရပါကြောင်း။

**အောင်နိုင်(သတင်းစဉ်)**



## ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းမှ ဦးစီး၍ ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အထက(၄) အောင်ဆန်းခန်းမတွင် ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲအား အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က HIV ရောဂါပိုး ကျန်းမာရေး အသိပညာပေးလုပ်ငန်းများနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ပြောကြားခဲ့သည်။

**(အပေါ်ပုံ)**

ထို့နောက် အလုံမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ထွန်းရွှေ၊ ဒုတိယခရိုင်ဥပဒေအရာရှိ ဦးတင်မောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်မူးယစ်(အနောက်)အထူးအဖွဲ့မှ ရဲအုပ်မျိုးကြည်တို့က သက်ဆိုင်ရာခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောကြသည်။

ဟောပြောပွဲသို့ အသင်းဥက္ကဋ္ဌ ဦးစံရှိန်နှင့် တိုင်းအလုပ်အမှုဆောင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်မြို့နယ် တာဝန်ခံကြီးကြပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ပြီး အထက(၄) အလုံကျောင်းအုပ်ဆရာမကြီး ဒေါက်တာသက်သက်စံအား အသင်းမှ ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ (လူမှုဝန်ထမ်း)

## HIV/AIDS ဗဟုသုတပွဲတော် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်မှ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၏ အကူအညီဖြင့် HIV/AIDS ဗဟုသုတပွဲတော်ကို ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၄၉)ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ဝင်းအတွင်း၌ ဒီဇင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် မြန်မာနိုင်ငံဆရာဝန်အသင်း၊ လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၊ MSI အဖွဲ့၊ MBCA အဖွဲ့နှင့် AFXB အဖွဲ့တို့မှ HIV/AIDS ဗဟုသုတဆိုင်ရာ ပြခန်းများ လာရောက်ပြသမည်ဖြစ်ပြီး ဉာဏ်စမ်းပြိုင်ပွဲများ၊ ပညာပေးဖျော်ဖြေရေးအစီအစဉ်၊ လျှုဒါန်းခြင်းအစီအစဉ်များနှင့် စိတ်ဝင်စားဖွယ်ရာအခြားအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

(ကြေးမုံ)



**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၇) ရပ်ကွက် အောင်မင်းခေါင် (၁)လမ်းနေ ကိုဇော်ထွန်း-မစုတို့၏ သမီးလေး မသိမ့်သိမ့်ချစ်၏ နှစ်(၂၀)ပြည့် မွေးနေ့အထိမ်းအမှတ် ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာစံတော်ချိန် ၈ နာရီ ၄၆ မိနစ် ၅၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက်မိုင် ၁၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (နေပြည်တော်၏ အနောက်တောင်ဘက် မိုင် ၅၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ခ်) တာစကေး ၄ ဒသမ သုညအဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

# အားကစားသူရဲကောင်းများကို ဂုဏ်ပြုပါ

**အေးမြင့်ကြူ (စစ်တက္ကသိုလ်)**

အမှန်စင်စစ် သူတို့နှင့်ကျွန်တော် ယုံကြည်မှုများဖြင့်သိခဲ့ရသည်မှာ ဆယ်နှစ်ရှိသွားပါပြီ။ သူတို့အဖွဲ့ကို ၂၀၀၁ ခုနှစ် 21st SEA Games ကွာလာလမ်ပူမှာကတည်းက သိခဲ့သည်။ သူတို့သည် SEA Games အားကစားပြိုင်ပွဲကြီးတိုင်းတွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို သူတို့၏စွမ်းအား၊ စိတ်ဓာတ်တို့ဖြင့် အစဉ်အမြဲ ကာကွယ်မြှင့်တင်ပေးခဲ့ကြသူများဖြစ်ပါသည်။ သူတို့သည် ငွေ၊ ပညာ၊ အဆောင်အယောင်၊ အသိုင်းအဝိုင်း ဘာမှပြည့်စုံကြသည် မဟုတ်ဘဲ ရိုးသားကြသည်။ ကိုယ့်အလုပ်ကိုကိုယ် ပျော်ရွှင်စွာ ဂုဏ်ယူတတ်ကြသည့် ကျေးတောသူမများသာ ဖြစ်ပါသည်။ သူတို့ကွယ်ရာတွင် ကျွန်တော်က သူတို့အဖွဲ့ကို **“တောသူမများ”**ဟု ချစ်စနိုးတင်စားလေ့ရှိသည်ကို သူတို့မသိကြပါ။ သူတို့သည် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကြီးတစ်ဦး ဥက္ကဋ္ဌအဖြစ် တာဝန်ခံဆောင်ရွက်သော မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်က မြန်မာလှေလှော်အားကစားလက်ရွေးစင်အမျိုးသမီးသူရဲကောင်း HEROES များသာတည်း။

မြန်မာ့လှေလှော်သားများ သိပ်သန်စွမ်းကြသည်။ "Yeah; Myanmar rowing very strong" ဟု SEA Games တိုင်းတွင် အခြားနိုင်ငံတာဝန်ခံ CDM များက လေးလေးစားစား အသိအမှတ်ပြုခံကြရပါသည်။ အမှန်လည်း သန်စွမ်းကြပါသည်။ ကျွန်တော် CDM အဖြစ် လိုက်ပါခဲ့ရဖူးသော 21st SEA Games ကွာလာလမ်ပူ၊ 22nd SEA Games ဟန္နိုင်းနှင့် 23rd၊ 24th SEA Games တိုင်းမှာပင် သူတို့ရွှေရခဲ့ကြသူများဖြစ်ပါသည်။ ရိုးရာလှေပြိုင်ပွဲမပါသော 25th SEA Games တွင် သူတို့ ရွှေရရှိမှုအခွင့်အရေးလွတ်သွားခဲ့ပါသည်။

21st SEA Games ကွာလာလမ်ပူတွင် ယှဉ်ပြိုင်စဉ်က အပြည်ပြည်ဆိုင်ရာလှေ အမျိုးသမီး လေးယောက် လေးတက်လှော် မီတာ ၁၀၀၀ ပြိုင်ပွဲကို ယနေ့ထိ မျက်စိထဲမှာ၊ အသိထဲမှာ ဂုဏ်ပြု ဂုဏ်ယူမှုတို့ဖြင့် စွဲထင်နေဆဲ ဖြစ်ပါသည်။ ကန်ရေပြင်ကြီးက ကျယ်လွန်းပါသည်။ နံနက်ခင်းနေရောင်ခြည်ကလည်း လင်းလက်နေပါသည်။ ဟိုးအဝေးဆီမှာ မီတာ ၁၀၀၀ အကွာအဝေးမှ တာလွှတ်လိုက်ပြီဆိုသည်ကို ရေဒီယိုဖြင့်ပြော၍ သိရပါသည်။ အဝေးကြည့်မှန်ဘီလူးဖြင့်ကြည့်တော့လည်း ဘယ်သူ ဘယ်နိုင်ငံလဲ မသိပါ။ ကမ်းဘေးမှ လိုက်လံကြည့်ပေးသော လှေလှော်အဖွဲ့ချုပ်-သူတို့နည်းပြက ပြောနေ၍သာ မြန်မာရှေ့က ၊ အင်ဒိုရှေ့ကစသည်ဖြင့် သိနေရခြင်းဖြစ်ပါသည်။ လှေလေးစင်း ကိုယ့်ဘက်သို့ အားပြိုင်လှော်ခတ်လာနေစဉ်တွင် ရေပြင်မှတက်အကွ နေရောင်ကြောင့် အလင်းပြန်လိုက်စဉ်တွင်သာ ဖွေးခနဲ၊ ဖွေးခနဲ မြင်နေရသည်။ နောက်တော့ အင်ဒိုက ရှေ့ကဟုသိလာရပြီ၊ မြန်မာဒုတိယလိုက်နေသည်ဟု သိရသည်။ မီတာ ၅၀၀ လောက်တွင် မြန်မာတို့ ပြန်မီလာသည်။ မီတာ ၂၀၀ တွင် မြန်မာတို့ ရှေ့ရောက်စပြုသည်၊ သည်လိုနှင့် ကျွန်တော်တို့ မြင်ကွင်းထဲ ပီပီသသဖြစ်လာသည့်အခါ ‘မြန်မာ-မြန်မာ’ဟု အော်၍အော်၍ ကြွေးကြော်၍ ကြွေးကြော်၍ အားပေးကြသည်။ နောက်ဆုံးတွင် လှေတစ်စင်း အလျားသာသာဖြင့် ပြတ်ပြတ်သတ်သတ် နိုင်လိုက်ပါသည်။ လှေဆိပ်တွင် သူတို့ကို ဆီးကြိုပြီး ပွဲ့လာသူများက ambulance, ambulance ကားဟု တောင်းဆိုကြသည်။ လှေလှော်သူရဲကောင်း ခင်မာဦး ဗိုက်ကြွက်သားတက်၍ မလျှောက်နိုင်တော့သဖြင့် ဆေးခန်းပို့ရသည်။ အလားတူပင် အင်ဒိုကလည်း တစ်ဦးကို ဆေးရုံပို့ရသည်။ ဘာကွာသွားပါသလဲ! မြန်မာတို့က ပြိုင်ပွဲယှဉ်ပြိုင်တိုင်း ဒို့နိုင်ငံအတွက်ဆိုသည့် စိတ်အရင်းခံ ကိန်းဝပ်နေသည်။ ကြေးစားမဟုတ်၊ အပျော်တမ်းမဟုတ်၊ အားကစားသမား လက်ရွေးစင်သက်သက်မဟုတ်၊ ငါ့နိုင်ငံအတွက် ယှဉ်ပြိုင်နေသည်ဆိုတာ ကိန်းဝပ်နေသည်။ သေသွားပါစေ လျှော့ပေး၍ မဖြစ်ဆိုသော စိတ်ဓာတ်ပြင်းထန်နေသည်။ ဗိုက်တွင် ပြင်းထန်စွာနာနေသောဒဏ်ကို လက်တစ်ဖက်ဖြင့်ဖိပြီး ကျန်လက်တစ်ဖက်ဖြင့် တက်ကိုဆွဲလှော်နေခဲ့ရှာသည်။ အင်ဒိုအမျိုးသမီးကမူ လှေထဲတွင် ဆန်အိတ်ကြီးတစ်အိတ်လို လှဲချလိုက်ပြီး ဝေဒနာကို ဖြေရှာပါသည်။ ဘာကွာပါသနည်း။ တက်သုံးချောင်းခွဲနှင့်လှော်သော မြန်မာလှေက တက် သုံးချောင်းနှင့် လူပိုတစ်ယောက်တင်ကာ လှော်နေရသော အင်ဒိုကိုနိုင်လိုက်ခြင်းသာ ဖြစ်ပါသည်။ ခင်မာဦး၊ အားလယ်လာရှီး၊ ယမင်း၊ မြင့်မြင့်ဝင်းတို့လေးဦး၏ ဇွဲနှင့် စိတ်ဓာတ် ပြင်းထန်မှုကို ယခုမှသာကြုံ၍ ရေးရဖြစ်သည်။ ထိုစဉ်က မြန်မာနိုင်ငံက ရွှေ ၂၁ ခု ရခဲ့သည်။ လှေလှော်အဖွဲ့ချုပ်က တစ်ခုရယူပေးခဲ့ပါသည်။

22nd SEA Games ကို ဗီယက်နမ်နိုင်ငံ ဟန္နိုင်းနှင့် ဟိုချီမင်းမြို့တွင် ကျင်းပခဲ့သည်။ လှေပြိုင်ပွဲကို ဟန္နိုင်း၌ ကျင်းပသည်။ ထိုစဉ်ကလည်း မြန်မာအားကစားအဖွဲ့များသည် ရွှေအထွက်နှေးခဲ့ကြသည်။

ပြိုင်ပွဲစတင်ပြီး ၇ ရက်ခန့်ရှိမှသာ ရွှေစတင်ရသည်။ ဘယ်အသင်းက စရသည်လဲ မမှတ်မိတော့ပါ။ လှေပြိုင်ပွဲသွားကြည့်ရာ အင်တာနေရှင်နယ် လှေ၌ မြန်မာတို့ ဒုတိယတွေချည်းသာဖြစ်နေသည်။ သူတို့ရိုးရာလှေပြိုင်ပွဲကြီးများရောက်မှ ရွှေရကြသည်။ အမျိုးသမီး မီတာ ၁၀၀၀၊ တက် ၂၀ တွင် မြန်မာတို့ ရွှေရသည်။ မြန်မာ့အလံကို တိုင်ထိပ်တွင် လွင့်မနေအောင် ကြိုးထုံး ချည်ထားသည်ဟု မြန်မာ့လှေလှော်မျိုးချစ်အမျိုးသမီးများက စောဒကတက်၍ တာဝန်ရှိသူများက စစ်ဆေးခဲ့ရသည်ကိုလည်း မှတ်မိနေပါသည်။ သူတို့သည် ပြိုင်ပွဲကို မည်ကာမတ္တ ပြိုင်နေကြခြင်းမဟုတ်ဘဲ တကယ့်ကို နိုင်ငံကိုယ်စားပြု နိုင်ငံဂုဏ်၊ အမျိုးဂုဏ်ဖြင့် ပြိုင်နေခဲ့ကြတာဖြစ်သည်ဟု တစေ့စေ့မြင်ရင်း ထင်ရှားပေါ်လွင်လာမှုကို တွေ့ရပါသည်။

23rd , 24 th , 25 th SEA Games များ ကျွန်တော်မလိုက်ခဲ့ရပါ။ ယခု 26 th SEA Games တွင် လိုက်ခဲ့ရပြန်ပါသည်။ မသွားခင် လှေသူရဲကောင်းများကို တွေ့ဆုံစကားပြောသည့်အခါ လွန်ခဲ့သော (၁၀)နှစ်က သူရဲကောင်းအချို့ကို ပြန်တွေ့ရသည်။ နော်အားလယ်လာရှီးကို တွေ့သည့်အခါ အသက် ၁၀ နှစ်ကြီးလာသော်လည်း သူမ၌ ကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ထက်မြက်နေသေးတာ တွေ့ရသည်။ ယှဉ်ပြိုင်ဘက်ကို ရဲရဲကြီး အနိုင်ယူပစ်မည်ဆိုသော စိတ်ဓာတ်မာကျောပြင်းထန်မှုက ရှိနေသည်။ သူတို့ကို စကား ပြောရင်းနှင့် အားမာန်စကားတစ်ခု ရိုက်သွင်းခဲ့ပါသည်။ “သူတို့မြေ၊ သူတို့ရေ၊ သူတို့လှေ၊ ငါတို့ရွှေ” ဟု နှုတ်တိုက်ချပေးရင်း ရင်ထဲရောက်သည်အထိ ကြွေးကြော်စေခဲ့ပါသည်။

ဂျကာတာပြိုင်ပွဲတွင် သူတို့နှင့်တွေ့သည့်အခါ ကျွန်တော့်ကို လှိုက်လှဲဝမ်းသာစွာ သူတို့ ကြိုဆိုကြသည်။ မြို့ထဲမှ လှေပြိုင်ပွဲနေရာသွားလျှင် ၁ နာရီခွဲကြာသွားရပါသည်။ ဆည်ကြီးတစ်ခုကိုမှီ၍ တူးမြောင်းရှည်ကြီး ဖန်တီးထားတာဖြစ်သည်။ မလေးရှား၊ ဗီယက်နမ်မှာလို ကန်ရေပြင်ကျယ်ကြီး မဟုတ်ပါ။ သွားလာရမှုကျဉ်းမြောင်းကျပ်တည်းသော ကျေးရွာလယ်မြေများအထိ သွားရပါသည်။ ဤသို့ ဝေးလံသောနေရာ နေပူကျဲကျဲထဲတွင် လှေသိုလှောင်ရုံဆောက်ပေးထားကာ အားကစားသမားများအတွက် ရွက်ဖျင်တဲအကောင်းစားသာ ထိုးပေးထားပါသည်။ စည်းကမ်းထိန်း၊ ပန်းထွက်၊ ပန်းဝင် အစုံရှိသော်လည်း သက်သောင့်သက်သာတော့ မဟုတ်ပါ။

သူတို့ကို တွေ့သည်နှင့် ‘ဟေ့- ငါတို့ဘယ်လိုကြုံးဝါးခဲ့သလဲ မှတ်မိလား’ ဟု မေးသည်နှင့် ‘မှတ်မိတယ်အဘ’ ဟု ဆိုကာ တစ်ယောက်က စလိုက်သည်နှင့် ‘သူတို့မြေ၊ သူတို့ရေ၊ သူတို့လှေ၊ ငါတို့ရွှေ’ ဟု အော်ကြသည်။ ငါလာရင် ဘာရတတ်လဲ သိလားဟု မေးရာ-‘ရွှေရတယ်’ဟု သူတို့ လူပေါင်းတွေက ဟစ်ပြန်သည်။ ကျွန်တော်ကလည်း သူတို့ ယုံကြည်မှု အားတက်အောင်သာ မေးရသည်။ သိပ်မဆိုင်လှသည်ကိုတော့ သိသည်။ ‘ဘာမှမပူနဲ့-နည်းပြတွေ သင်ထားတဲ့အတိုင်း အာရုံစူးစူးစိုက်စိုက်နဲ့လုပ်၊ ငါ့ဘက်က ဒါရှိတယ်’ဟု ရင်ဘတ်ပုတ်ပြလိုက်ပါသည်။ ‘အောင်သပြေ’ ခက်လေးပါ။ သူတို့မမြင်ရသော အောင်သပြေခက်ပါ။ သူတို့သည် နေပူပူအောက် ရွက်ဖျင်တဲ၌ နားနေသည်ဆိုသော်လည်း ယုံကြည်မှုများက လွှမ်းမိုးနေသည်။

ပြိုင်ပွဲမြေအနေအထားကကျဉ်းတော့ ဟိုသွားဒီသွားလုပ်နေ၍ မရ။ နေပူထဲက ယာယီတဲကြီးထဲတွင် VIP နေရာ၌ လှေအလာကို ငြိမ်စောင့်နေရသည်။ တော်တော်နေမထိ၊ ထိုင်မသာဖြစ်ရသော အနေအထားပါ။ သတ်မှတ်ချိန်တွင် ပြိုင်ပွဲစတာ သိလိုက်ရသည်။ မမြင်ရပါ- အင်ဒိုပြန်ကြားရေး-ကြေညာသူက အင်ဒို၊ ထိုင်း၊ မြန်မာ၊ ဖိလစ်ပိုင်ဟု အော်ပေးနေသည်။ တာထွက် position တွင် မြန်မာ တတိယသာ ဖြစ်နေပါသည်။ ယခုအကြိမ် လှေပြိုင်ပွဲတွင် အိမ်ရှင်များက ခါတိုင်းကဲ့သို့ လှေခွဲတမ်းချ၍ မရတော့၊ မြန်မာက စောဒကတက်၍ ပြေးလမ်းသာမက လှေကိုပါ မဲနှိုက်စေလိုက်သည်။ အိမ်ရှင်က သူတို့ကြိုက်သောလှေ ကြိုရွေးထားမှာစိုး၍ဖြစ်ပါသည်။ ခုတော့ ဉာဏ်တွေမသုံးနိုင်တော့ပါလျှင် စွမ်းရည်ရှိသူကသာ နိုင်လိမ့်မည်။

မီတာ တစ်ရာပြီးတစ်ရာ ရွေ့ရွေ့လာတော့ အင်ဒို၊ မြန်မာ၊ ထိုင်း ဟူ၍ မြင်လာသည်။ နောက်ဆုံးမီတာ ၁၀၀ အထိ အင်ဒို၊ မြန်မာ၊ ထိုင်းဟု အော်နေဆဲ။ ပရိသတ်အားပေးသံများက မိုးလုံးပွက်ဆူညံလာသည်။ မြန်မာ အားပေးသူတွေကလည်း မြန်မာ-မြန်မာဟု ကြုံးအော်နေသည်။ လှေအမှတ် (၅)ကိုရသော အင်္ကျီအဝါ လက်တိုဝတ် မြန်မာလှေကို စတင်မြင်ရချိန်တွင် စိတ်ပူပန်ရပါသည်။ သူတို့မြေ၊ သူတို့ရေ၊ သူတို့လှေမဟုတ်လား၊ အခြေအနေဖန်တီးခွင့်က သူတို့ယူထားခဲ့ကြပြီးပြီ၊ နောက်တော့ မြင်ကွင်းမှာ မြန်မာ ရှေ့ထွက်လာတာတွေ့ရသည်။ မီတာ ၃၀ ရေမှတ်တွင် သိသိသာသာ ရှေ့ကျော်ဖြတ်ခဲ့သည်။ သူတို့အားနှင့် လှော်တက်ကိုဆွဲလိုက်သည်က - လှေကို လျှောခနဲ၊ လျှောခနဲ ရှေ့သို့ ရွေ့လျားစေပြီး ရေဘောင်ဘင်ခတ်မှု၊ ရေဖွာထွက်မှု သိပ်မရှိသည်ကို မြင်နေရရာ သိပ္ပံနည်းကျစဉ်းစားပြီး 'inertia' အရ မြန်မာလှေ ပိုမြန်လာမည်ဟု စိတ်ချယုံကြည်သွားမိပါသည်။ လှေဦးထိပ်တွင် စည်းဝါးချပေးသော ဗုံသံကလည်း မြန်လွန်းသလို လှေသားတို့၏ ရေကိုတက်အချ၊ တက်အနုတ်ကလည်း ညီညာပြီး မြန်လွန်းလှသည်။ ပွဲ့ထိန်းပွဲ့ကိုင်ကလည်း ရည်မှန်းချက်ကို တည့်တည့်မတ်မတ် တစ်သမတ်တည်း ထိန်းကျောင်းထားသည်။ ကျွန်တော်တို့မြန်မာ မနိုင်ဘူးဆိုတာ ရှိပါတော့မည်လော။ သူတို့သည် ကျေးတောသူများဖြစ်ပါသည်။ ပညာ၊ ငွေ၊ အဆောင်အယောင်၊ အသိုင်းအဝိုင်း ဘာမျှမရှိပါ။ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌက ထိန်းသိမ်းစောင့်ရှောက်ပေးထားသော နေရေး၊ စားရေး၊ လေ့ကျင့်ရေး၊ ဝန်ကြီးဌာနက ဖြစ်နိုင်သမျှ ပံ့ပိုးပေးထားသော နေရေး၊ စားရေး၊ လေ့ကျင့်ရေးသာရှိပါသည်။

သူတို့၏ စိတ်ဓာတ်၊ သူတို့၏ လှေလှော်အတတ်ပညာ၊ သူတို့၏ လှေလှော်စွမ်းဆောင်ရည်သာ ကြွယ်ဝကြသူများဖြစ်ပါသည်။ သို့သော် သူတို့သည် မြန်မာနိုင်ငံအတွက် တတိယမြောက် ရွှေတံဆိပ်ဆုကို ရယူပေးခဲ့ကြပါသည်။ သည်အချိန်တွင် လာအိုက ရွှေခြောက်ခုရှိနေပြီဟု သိရပါသည်။ သူတို့ချစ်သော သူတို့အဘ DG ဦးသောင်းထိုက်ကို ဖုန်းဆက်ပြီး သူတို့ ရွှေရသည့် အကြောင်းပြောပြတော့ ကိုသောင်းထိုက်အသံက အားရကျေနပ် ကျေးဇူးတင်သောခံစားမှုဖြင့် လွှင်နေသည်။ အဲသည်နေ့က လှေလှော်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးဖေဝင်း ပြောသည့်အတိုင်း မြန်မာ့ရိုးရာလှေ (TBR)က ရွှေလေးခု ယူပေးပါသည်။

မြန်မာ့အစဉ်အလာတွင် ညီညွတ်မှုနှင့် အောင်မြင်မှုယှဉ်တိုင်း လှေပြိုင်ပွဲကို ပုံပြပြောလေ့ရှိသည်။ မညီမညွတ်နှင့် မတည်မငြိမ်ဖြစ်တိုင်း လှေနှင့် ရေ၏ သဘာဝကိုပဲ ပြောလေ့ရှိပါသည်။ ယခု မြန်မာ့လှေလှော်သူရဲကောင်း တောသူမများက စာအုပ်တွေကြားက လှေနှင့်ရေသရုပ်ကို ဖတ်ပြနေခြင်း မဟုတ်ပါဘဲ တကယ့်လက်တွေ့ကို လုပ်ပြလိုက်ခြင်းဖြစ်ပါသည်။ ပဲ့ကိုင်သူ၊ စည်းချက်ပေးသူ၊ အားစိုက်လှော်ခတ်သူနှင့် သူတို့၏စိတ်ဓာတ်၊ သူတို့၏ စွမ်းရည်၊ သူတို့၏စည်းကမ်း၊ သူတို့၏စည်းလုံးညီညွတ်မှု အားလုံးဘက်စုံ တောင့်တင်းသည့်အခါ “သူတို့မြေ၊ သူတို့ရေ၊ သူတို့လှေဆိုသော်လည်း ငါတို့ ရွှေ” ဖြစ်ကို ဖြစ်လာရပါသည်။ မသိလိုက်မသိဘာသာဖြစ်နေသည့် နိုင်ငံသားများအတွက် ကျေးတောသူမများက ဖောက်ထွင်းပေးလိုက်သော လမ်းကြောင်းလေးဖြစ်ပါသည်။

နောက်တစ်နေ့ ပြိုင်ပွဲခြောက်မျိုးကျန်ပါသေးသည်။ သို့သော် နောက်ရက်များ၌ ဆက်လက်အောင်ပွဲယူရန် သေချာလျက်ရှိသော လှေပြိုင်ပွဲများသို့ ကျွန်တော်မသွားဖြစ်တော့ပါ။ ဘာပဲဖြစ်ဖြစ် ဟိုးယခင် ၁၀ နှစ်ကာလ ကတည်းက ချစ်ခင်ခဲ့ရသော ကျေးတောသူမ လှေသူရဲကောင်းများကို လှိုက်လှဲစွာဂုဏ်ပြုအပ်ပါသည်။ အားလုံးနားလည်နိုင်ကြပြီး ဂုဏ်ယူတတ်ကြပါစေ. . .။

(**မှတ်ချက်။** ယခု အင်ဒို 26th SEA Games တွင် ရိုးရာလှေပြိုင်ပွဲ၌ အမျိုးသမီး မီတာ ၅၀၀(၁၀ တက်၊ ၂၀ တက်)၊ အမျိုးသမီး မီတာ ၁၀၀၀ (၁၀ တက်၊ ၂၀ တက်)၊ အမျိုးသမီး မီတာ ၂၀၀၀ (၂၀ တက်) ပြိုင်ပွဲ ငါးမျိုးလုံးတွင် မြန်မာအမျိုးသမီးအသင်းက အနိုင်ရပြီး မြန်မာနိုင်ငံအတွက် ရွှေငါးဆု ယူပေးခဲ့ကြပါသည်။ SEA Games ပြိုင်ပွဲ ပွဲစဉ်တွင် ရိုးရာလှေလှော်ထည့်သွင်းသည့်နှစ်မှစ၍ ယနေ့ထိ ရွှေ ၃၂၊ ငွေ ၆၃၊ ကြေး ၂၉ ခု ရယူပေးခဲ့ကြသောသူရဲကောင်းများဟု မှတ်တမ်းထားရှိသွားပါမည်။)

## တမူးမြို့နယ်အတွင်း ကျောင်းဆောင်သစ်ဖွင့်ပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တမူးမြို့ စော်ဘွားအင်းရပ်ကွက် အမှတ်(၄)အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း၊ တိုင်းဒေသကြီးပညာရေးမှူး ဦးမြင့်စိုးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိန်ဝင်းက ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နံနက် ၁၀ နာရီခွဲတွင် တမူးမြို့နယ် ပန်းသာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထန်းလျန်နာ၊ တိုင်းဒေသကြီးပညာရေးမှူး ဦးမြင့်စိုးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးက ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် အမှတ်(၄)ရပ်ကွက် သီဟာသနကုန်းတော်တွင် တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူ ဗုဒ္ဓမြတ်စွယ်တော်ပွားစေတီတော်မြတ်ကြီး(မြဝတီ)အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ရွှေမြင်းဝန်စေတီတော် သာသနာ့ဟိတကာရီ ဗိမာန်တော်ကြီး၌ ဒီဇင်ဘာ ၉ ရက်က ကျင်းပရာ အလှူရှင် ဦးတင်အောင်-ဒေါ်သင်းသင်းမြတ် မိသားစု (Apex World International Co., Ltd.) တို့က အလှူငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က လက်ခံယူစဉ်။**

(၅၇၀)



## စက်မှုအင်ဂျင်နီယာ(၁၉၆၇-၇၃) ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ၁၉၆၇ ခုနှစ်တွင် ဝင်ခွင့်ရသူ၊ ၁၉၇၃ ခုနှစ်တွင် ဘွဲ့ရသူများနှင့် ယင်းနှစ်များအတွင်း ဆုံစည်းခဲ့ကြသော စက်မှုအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူဟောင်း သူငယ်ချင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက်(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် မြန်မာအင်ဂျင်နီယာအသင်း စုဝေးခန်းမ (MES Function Hall) လှိုင်တက္ကသိုလ်နယ်မြေ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေ ထည့်ဝင်လိုပါလျှင် ဗိုလ်မှူးကြီး ခင်မောင်လတ်(ငြိမ်း) ဖုန်း-၀၉-၅၁၅၂၈၂၁၊ ဦးလှဝင်း ဖုန်း-၀၉-၅၁၉၇၆၂၁၊ ဦးအောင်မောင်း ဖုန်း-၀၉-၅၁၂၆၂၇၆၊ ဒေါ်စန်းရီ ဖုန်း-၀၉-၅၁၁၈၅၂၀၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၁၄၈၇၉၀၊ ဦးကျော်စိန် ဖုန်း-၀၉-၈၆၁၅၆၉၁၊ ဦးဇော်ထွန်း ဖုန်း-၀၉-၇၃၁၀၆၈၄၃၊ ဦးသန်းချို ဖုန်း-၀၉-၅၁၇၆၆၃၆၊ ဦးသန်းထွန်းအောင် ဖုန်း-၀၉-၇၃၂၀၈၆၃၄၊ ဦးကြင်မော် ဖုန်း-၀၉-၅၁၄၃၆၉၉ နှင့် ဦးစိုးမြင့် ဖုန်း-၀၉-၅၀၁၅၂၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E & P Pte., Ltd. ကုမ္ပဏီသည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် Geophysical Site Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV GENESIS ဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Site Survey (GSI) တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက် ဧရိယာတည်နေရာများမှာ Point A မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၉ မိနစ် ၄၇ ဒသမ ၇၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၅ မိနစ် ၁၈ ဒသမ ၃၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၇ မိနစ် ၂၄ ဒသမ ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၅ မိနစ် ၄၆ ဒသမ ၆၁ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၉ မိနစ် ၆ ဒသမ ၉၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၁ မိနစ် ၅၈ ဒသမ ၅၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၁ မိနစ် ၂၉ ဒသမ ၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၁ မိနစ် ၆ ဒသမ ၆၁ စက္ကန့်အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် Geophysical Site Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV GENESIS ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက် (၈)စင်းမြောက်တံတားကြီး ရောဝတီတံတား(ညောင်တုန်း)

သတင်းဆောင်းပါး
ခရမ်းစိုးမြင့်
ဓာတ်ပုံ - ကျော်မိုးလွင်

**ရောဝတီတံတား(ညောင်တုန်း)တစ်ဝိုက်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၅)ဟု စာတန်းရေးထိုးထားသည့် ရောင်စုံအလံလေးများက တဖျပ်ဖျပ်တလူလူလွင့်လျက်. . .။ ဂီတစာဆို ခင်မောင်မြင့်(စစ်ကိုင်း)ရေးစပ်ပြီး ဆုန်သင်းပါရီသီဆိုထားသည့် "နှစ်သွယ်ကားရထား ညောင်တုန်းတံတား" ဆိုသည့် တေးသံသာများကလည်း ရောဝတီတံတား(ညောင်တုန်း)ဖွင့်ပွဲကျင်းပမည့် ညောင်တုန်းဘက်ခြမ်းစီမံကိန်းရှင်းလင်းဆောင်အနီးရှိ မင်္ဂလာမဏ္ဍပ်ဝန်းကျင်နှင့် ရောဝတီမြစ်ကမ်းတစ်ခုလုံးကို လွှမ်းခြုံထားသည်။ နေ့ရက်က ၂၇-၁၁-၂၀၁၁ (တနင်္ဂနွေနေ့)။**



ရောဝတီတံတား (ညောင်တုန်း) ဖွင့်ပွဲအခမ်းအနားကို ညောင်တုန်းဘက်အခြမ်း၌ ဤသို့ ကျင်းပခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက် (၈)စင်းမြောက် ဖွင့်လှစ်သည့်ရောဝတီတံတား (ညောင်တုန်း) ဖွင့်ပွဲပြုလုပ်မည့် မိနစ်ပိုင်းအလို၏ မြင်ကွင်းဖြစ်သည်။ ရောဝတီတိုင်းဒေသကြီးသည် ယခင်က ဒေသခံပြည်သူများ အဖို့ ခရီးသွားလိုလျှင် ရေလမ်းခရီးနှင့် အနည်းငယ်သာရှိသော ကားလမ်းတို့ကိုသာ အားကိုးသွားလာနေကြရသည်။ ယခုအခါမှာတော့ ရောဝတီသည် ဤသို့ မဟုတ်တော့ဘဲ ကားလမ်းကွန်ရက် ၁၁ သွယ်မှ လမ်းမိုင်ပေါင်း ၄၃၅ မိုင်ခန့်၊ ပေ ၁၈၀ နှင့်အထက် တံတားကြီးပေါင်း ၅၇ စင်းနှင့် တည်ဆောက်ဆဲ တံတား ၃၃ စင်းရှိနေသေးသည့်အပြင် နိုင်ငံတော်အစိုးရက ရထားလမ်းများပါ ထပ်ဆင့်ဖောက်လုပ်ပေးနေသဖြင့် ရောဝတီတိုင်းဒေသကြီးသည် "ဖွံ့ဖြိုးဝေစည် ရောဝတီ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးအလှတိုးနေပြီ ဖြစ်သည်။

ထိုနေ့က ရောဝတီတံတား (ညောင်တုန်း)ဖွင့်ပွဲကို ရောဝတီသားဖြစ်သည့် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် တက်ရောက် ဖွင့်လှစ်ပေးမည်ဆိုသဖြင့် ဒေသခံပြည်သူ ရောဝတီတိုင်းသားတို့ နံနက် ၆ နာရီကတည်းက ကားများ၊ ထော်လာဂျီများ၊ ပွဲထောင်မော်တော်ကလေးများနှင့် ချီတက်လာလျက်ရှိရာ လူအင်အား ၁၀၀၀၀ ကျော်အထိရှိလာပြီး ဖွင့်ပွဲအခမ်းအနားကျင်းပမည့် ညောင်တုန်းဘက်အခြမ်းတွင်သာမက ရန်ကုန်ဘက်အခြမ်းရှိ ချဉ်းကပ်ကားလမ်းတစ်လျှောက်နှင့် တံတားကြီးပေါ်အထိ လူများက အပြည့်ဖြစ်နေသည်။

ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် တံတားကြီးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး အမှာစကား ပြောကြားကာ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တံတားဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ပြောကြားသည့် မိန့်ခွန်းကို ကောက်နုတ်တင်ပြရလျှင်-

ယနေ့သည် မိမိအပါအဝင် ရောဝတီတိုင်းသားတို့အတွက် ဝမ်းသာဂုဏ်ယူဖွယ်ရာ နေ့တစ်နေ့ဖြစ်ကြောင်း၊ အကြောင်းမှာ ရောဝတီတိုင်းဒေသကြီးအတွက် နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် (၅၇)စင်းမြောက် တံတားကြီးတစ်စင်း ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် ဖြစ်ကြောင်း။

မြစ်ကူးချောင်းကူး သက်စွန့်ဆံဖျား သွားလာနေရသည့် ရောဝတီတိုင်းသားတို့အတွက် ယခုကဲ့သို့ တံတားကြီးတစ်စင်းရရှိခဲ့ခြင်းသည် ထူးကဲသည့် ဆုထူးဆုမြတ်ကြီးတစ်ခု ဖြစ်ကြောင်း၊ ထို့ပြင် ဤတံတားကြီးသည် သာမန်တံတားမျိုးမဟုတ်ဘဲ မော်တော်ယာဉ်များသာမက မီးရထားပါ ဖြတ်သန်းသွားလာနိုင်သည့် တံတားအမျိုးအစား ဖြစ်ကြောင်း။

ထို့အပြင် ရောဝတီတိုင်းဒေသကြီးအတွင်းတွင်လည်း ရေနက်ဆိပ်ကမ်းတစ်ခုနှင့် စက်မှုဇုန်တစ်ခုထူထောင်ရန်လည်း စီမံနေကြောင်း၊ မိမိဒေသအတွင်းမှ ထုတ်ကုန်များကို ပြည်တွင်းပြည်ပ ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် ယခုကဲ့သို့ မော်တော်ကားလမ်းများ၊ မီးရထားလမ်းများ၊ မြစ်ကူးချောင်းကူးတံတားကြီးများ၊ သင်္ဘောကြီးများဆိုက်ကပ်နိုင်သည့် ရေနက်ဆိပ်ကမ်းကြီးများ မရှိမဖြစ်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ငွေကြေးအမြောက်အမြားကျခံသုံးစွဲပြီး ယခုကဲ့သို့ မော်တော်ကားမီးရထား ဘက်စုံသုံး တံတားကြီးများ ဆောက်လုပ်ပေးနေခြင်းဖြစ်ကြောင်း၊ မြို့တစ်မြို့ ဒေသတစ်ခုအတွက်သာမက တစ်နိုင်ငံလုံးအသုံးပြုနိုင်အောင် စီမံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက် (၈)စင်းမြောက် ဖွင့်လှစ်လိုက်သော ရောဝတီတံတား (ညောင်တုန်း)ကို ဤသို့ တွေ့ရစဉ်။



မိမိတို့ ရောဝတီတိုင်းသားများအတွက် သဘာဝက အမွေများပေးထားပြီးဖြစ်ကြောင်း၊ မြေဩဇာထက်သန်သည့် စိုက်ပျိုးမြေများ၊ သားငါးပေါများသည့် မြစ်ချောင်း၊ အင်းအိုင်များ၊ စိုက်ပျိုးရန်လုံလောက်သည့် မိုးရေများ ၎င်းတို့ကို အသုံးချပြီး အားသွန်ခွန်စိုက် အလုပ်လုပ်ကြလျှင် ကျေးလက်ဒေသဖွံ့ဖြိုးပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရုံသာမက စီးပွားရေးအလွန်ပင် ဖွံ့ဖြိုးတိုးတက်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်လာမှာ သေချာကြောင်း။

ထို့အပြင် ရောဝတီတိုင်းဒေသကြီးအတွင်းက တိုင်းပြည်၏ ရတနာတစ်ပါးဖြစ်သည့် ဆင်ဖြူတော်တစ်စီး ရှားရှားပါးပါး ပေါ်ပေါက်ခဲ့ပြီးဖြစ်ကြောင်း၊ ဆင်ဖြူတော်ကြီးကဲ့သို့ ဖြူစင်သန့်ရှင်းမွန်မြတ်သည့် စိတ်ထားများ ထားနိုင်ကြပါစေ၊ ဆင်ဖြူတော်ကြီးကဲ့သို့ အားခွန်ဗလများနှင့် ပြည့်စုံပြီး ဒေသအကျိုး၊ တိုင်းပြည်အကျိုးအတွက် စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်နိုင်သည့် ရောဝတီတိုင်းသားများဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်ကလည်း ဒီနေ့ဖွင့်လှစ်လိုက်သည့် ရောဝတီတံတား (ညောင်တုန်း)ဟာ ရောဝတီတိုင်းဒေသကြီး ရန်ကုန်-ပုသိမ်ကားလမ်းရဲ့ မိုင်တိုင်အမှတ်(၄၀/၅) မိုင်နှင့် ကြိမ်ပင်ဆယ်-စကြေ့-ဓနုဖြူ-ဇလွန်-ဟသ်ာတကားလမ်းရဲ့ မိုင်တိုင်အမှတ်(၁/၆) အကြား၊ မူလတံတားဟောင်း ဗိုလ်မြတ်ထွန်းတံတား၏ အထက်ဘက်ပေ ၈၀၀၀ အကွာတွင် တည်ရှိပြီး အသစ်တည်ဆောက်ပေးသည့် နှစ်လမ်းသွားကားလမ်းနှင့် ရထားလမ်းပူးတွဲပါဝင်သော သံမဏိသံပေါင် တံတားကြီးတစ်စင်းဖြစ်ကြောင်း။

ရောဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်မြို့တို့ဟာ ယခင်က မီးရထားလမ်းမရှိတဲ့အတွက် ကားလမ်းနှင့် ရေလမ်းကိုသာ အဓိကထား ဆက်သွယ်သွားလာခဲ့ရကြောင်း။

တိုးတက်များပြားလာသော ခရီးသည်နှင့် ကုန်စည်များ သွားလာပို့ဆောင်ရေး ပိုမိုချောမွေ့စေရန်အတွက် နိုင်ငံတော်အစိုးရက ရန်ကုန်(လှိုင်သာယာ) မှ ပုသိမ်၊ ရန်ကုန်(လှိုင်သာယာ)မှ ဇလွန်-ဟသ်ာတ ရထားလမ်းများကို ဖောက်လုပ်ပေးပြီး ယင်းရထားလမ်းများ ဖြတ်သန်းသွားလာရန်အတွက် ယခု ရောဝတီတံတား (ညောင်တုန်း) ကို ရထားလမ်းနှင့် ကားလမ်းပူးတွဲပါဝင်သော တံတားကြီးတစ်စင်း ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

တံတားကြီးကို မီးရထားမြစ်ကူးတံတား သီးသန့်ဆောက်လုပ်မည့်အစား ယခုလို ကားလမ်းပါ ပူးတွဲဆောက်လုပ်ရခြင်းကတော့ ရထားလမ်းတစ်ခုတည်းသာ ဖောက်လုပ်ခဲ့ပါက ရထားတစ်မျိုးတည်းသာ သွားလာနိုင်မှာဖြစ်သောကြောင့် နိုင်ငံတော်က ရေရှည်အကျိုးရှိမှုကို မျှော်မှန်းပြီး ကားလမ်းတံတားပါ ထည့်သွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း တို့ကို ပြောကြားသွားသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့်တံတားကြီးသည် ဘိုးပိုင်သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်သည်။ ပင်မတံတားအရှည် ၇၄၀၂ ပေ၊ ချဉ်းကပ်တံတား (ကားလမ်း) အရှည် ၃၄၁၂ ပေ၊ ချဉ်းကပ်တံတား (ရထားလမ်း)အရှည် ၁၃၁၄၃ ပေ၊ တံတားတစ်စင်းလုံး အရှည်မှာ (ပင်မတံတားနှင့် ချဉ်းကပ်ကားလမ်းတံတား) စုစုပေါင်းအရှည် ၁၀၈၁၄ ပေ၊ (၂ မိုင် သုည ဒသမ ၄ ဖာလုံ) ရှိပြီး၊ (ပင်မ တံတားနှင့် ချဉ်းကပ်ရထားလမ်းတံတား) စုစုပေါင်းအရှည် ၂၀၅၄၅ ပေ (၃ မိုင် ၇ ဒသမ ၁၂ ဖာလုံ) ရှိသည်။ နှစ်ဖက်သွား ကားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်း တစ်ဖက်သုံးပေစီ၊ ရေလမ်းကင်းလွတ် အကျယ်မှာ ၂၆၂ ပေ၊ ကင်းလွတ်အမြင့်မှာ ၅၇ ပေတို့ ဖြစ်သည်။

ဤတံတားကြီး ဖွင့်လှစ်ပေးလိုက်သဖြင့် မကြာခင်ကာလအတွင်းတွင် ကားလမ်းအပြင် ဟသ်ာတ၊ ဇလွန် မြို့တို့မှတစ်ဆင့် တံတားကြီးကိုဖြတ်သန်းပြီး ပုသိမ်နှင့် ရန်ကုန်(လှိုင်သာယာ) မြို့နယ်တို့ကို မီးရထားဖြင့် ခရီးသွားနိုင်တော့မည်ဖြစ်သည်။ ထို့အပြင် ပခုက္ကူ-ကြံခင်း-ဟသ်ာတရထားလမ်းပိုင်းနှင့် ဆက်ပြီး ပုသိမ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အထိ မိုင် ၇၀၀ ခန့်ခရီးကို မီးရထားဖြင့် တစ်ဆက်တည်း သွားလာနိုင်ကြတော့မည်ဖြစ်သည်။ ။

## ပဲမျိုးစုံ ပြည်ပတင်ပို့မှု နှစ်စဉ်တိုးတက်မြင့်မားလာ

ရန်ကုန် ဒီဇင်ဘာ ၁၂

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းသည် ပြည်ပသို့ ပဲမျိုးစုံတင်ပို့လျက်ရှိပြီး ဈေးကွက်သစ်များ ထပ်မံရရှိရန်အတွက် နိုင်ငံတကာပဲမျိုးစုံကုန်သွယ်ရေးနှင့် ရောင်းဝယ်ရေးအသင်းချုပ် (International Pulse Trade and Industry Confederation (IPTIC) သို့ နိုဝင်ဘာလအတွင်းက အသင်းဝင်အဖြစ် တရားဝင် ဝင်ရောက်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းသည် နှစ်စဉ် ပြည်ပသို့ ပဲမျိုးစုံ တိုးမြှင့်တင်ပို့လျက်ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ အမေရိကန်ဒေါ်လာ ၉၃၈ သန်းကျော် တန်ဖိုးရှိ ပဲမျိုးစုံ တန် ၉၅၇၀၀၀ တင်ပို့ပေးနိုင်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် (ဒီဇင်ဘာလအထိ) ပဲမျိုးစုံ တန် ၉၆၀၉၃၀ အမေရိကန်ဒေါ်လာ ၇၉၄ သန်းကျော်ဖိုး တင်ပို့ပေးခဲ့ပြီးဖြစ်သည်။ ယခင်နှစ်ကထက် ပဲမျိုးစုံတန်ချိန် ၃၅၁၄၂ တန် အမေရိကန်ဒေါ်လာ သန်း ၁၇၀ ဖိုးခန့် ပိုမိုတင်ပို့နိုင်ခဲ့ပြီး ဆက်လက်၍လည်း တင်ပို့နိုင်ရန် ပြည်ပကုမ္ပဏီများနှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုမှုများ၊ သင်္ဘောတင်ပို့မှုများကို ဆောင်ရွက်လျက်ရှိကြောင်း အသင်းဥက္ကဋ္ဌ ဦးထွန်းလွင်က ပြောကြားသည်။

(ကိုကြီးသာ)

## မြောက်ဥက္ကလာပမြို့နယ်မှ ရန်ကုန်မြို့လယ်သို့ မထသ (၄၃) ယာဉ်လိုင်းလမ်းကြောင်းတစ်ခုတည်းဖြင့် ပြေးဆွဲပေးလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြောက်ဥက္ကလာပမြို့နယ်မှ ရန်ကုန်မြို့လယ်သို့ လမ်းကြောင်းသုံးခုခွဲ၍ ပြေးဆွဲပေးနေသော မထသ(၄၃) ယာဉ်ကြီးလိုင်းတွင် ယခုအခါ လမ်းကြောင်းတစ်ခုတည်းဖြင့်သာ ပြေးဆွဲပေးလျက်ရှိကြောင်း မထသ(ဗဟို)မှ သတင်းရရှိသည်။

ယခင်ကပြေးဆွဲခဲ့သော လမ်းကြောင်းသုံးခုအနက် လမ်းကြောင်း(၁)တွင် အောင်မင်္ဂလာအဝေးပြေး (ဂိတ်ရင်း)မှ ကမ္ဘာအေးစေတီလမ်း-ရွှေဂုံတိုင်-ဆူးလေဘုရားလမ်း-မဟာဗန္ဓုလလမ်း-မဟာဗန္ဓုလပန်းခြံ (ဂိတ်များ)သို့လည်းကောင်း၊ လမ်းကြောင်း(၂)တွင် မြောက်ဥက္ကလာကြိုးတံတားမှ မြောက်ဥက္ကလာအဝိုင်းမှတ်တိုင်ဘက်မှဖြတ်၍ ကမ္ဘာအေးစေတီလမ်း၊ စက်မှု(၁)လမ်းဘက်မှ ဦးချစ်မောင်လမ်းဘက်သို့ ကွေ့ကာ တာမွေဈေး-ယုဇနပလာဇာတို့ကိုဖြတ်၍ သိမ်ဖြူလမ်းဘက်မှ အနော်ရထာလမ်း-ကျုံးကြီး(ဂိတ်များ)အထိလည်းကောင်း၊ လမ်းကြောင်း (၃)တွင် အောင်မင်္ဂလာအဝေးပြေး(ဂိတ်ရင်း)မှ သုဓမ္မလမ်း-ကမ္ဘာအေးစေတီလမ်း - ကျိုက်ဝိုင်းဘုရားလမ်း - သမိုင်းလမ်းဆုံမှဖြတ်၍ လှည်းတန်းမှ ကမ်းနားလမ်းဘက်သို့ ကွေ့ကာ သီရိမင်္ဂလာဈေးဟောင်းရှေ့မှဖြတ်၍ ကျုံးကြီးဂိတ်များအထိ ပြေးဆွဲပေးခြင်းဖြစ်ကြောင်း၊ ယခုအခါ အဆိုပါလမ်းကြောင်းသုံးခုမှ ယာဉ်များကို စုပေါင်း၍ အောင်မင်္ဂလာအဝေးပြေး (ဂိတ်ရင်း)မှ အမှတ်(၃)လမ်းမကြီး၊ သုခမ္မာလမ်း - ခေမာသီလမ်း - ကမ္ဘာအေးစေတီလမ်း - ရွှေဂုံတိုင်မီးပွိုင့်မှဖြတ်၍ အလံပြဘုရားလမ်း-ဆူးလေဘုရားလမ်း-မဟာဗန္ဓုလလမ်း - မဟာဗန္ဓုလပန်းခြံ (ဂိတ်များ)အထိ လမ်းကြောင်းတစ်ခုတည်းဖြင့်သာ ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ယခုပြေးဆွဲသောလမ်းကြောင်းတွင် ယာဉ်စီးနင်းခအဖြစ် ခရီးစဉ်အတွင်း လေးပိုင်းဖြတ်ကာ တစ်ပိုင်းလျှင် ငွေကျပ် ၅၀ သတ်မှတ်ထားခြင်းဖြစ်ပြီး ခရီးစဉ်အစအဆုံးအတွက် ယာဉ်စီးခအဖြစ် ငွေကျပ် ၂၀၀ သတ်မှတ်ထားကာ ယာဉ်အစီးရေ ၃၆ စီးဖြင့် ဝန်ဆောင်ပြေးဆွဲခြင်းလည်း ဖြစ်သည်။

ထိုမထသ (၄၃) ယာဉ်ကြီးလိုင်းမှာ ရန်ကုန်မြို့အတွင်း စီးတီးဘတ်စ်ယာဉ်များဖြင့် ဝန်ဆောင်မှုပေးသော အစောဆုံးဖြစ်သည့်ယာဉ်လိုင်းများ၌ တစ်ခုအပါအဝင်ဖြစ်ပြီး ယခင်ခေတ်ကာလက အဲယားကွန်းဘတ်စ် ယာဉ်များအဖြစ် ပြေးဆွဲပေးခဲ့ဖူးခြင်းဖြစ်ကြောင်း သိရသည်။ ပြေးဆွဲသောလမ်းကြောင်းများမှာလည်း ရှည်လျားခဲ့ခြင်းကြောင့် နေရာစုံနီးပါးရောက်ခဲ့ခြင်းလည်း ရှိခဲ့သလို ခရီးသည်အများအပြား၏ အားထားစီးနင်းမှုခံခဲ့ရသော ယာဉ်လိုင်းများအနက်တွင် တစ်ခုအပါအဝင်လည်း ဖြစ်ကြောင်း သိရသည်။

(၆၈၀)



## ရမည်းသင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ရမည်းသင်း ဒီဇင်ဘာ ၁၂

ရမည်းသင်းမြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၇ ရက်နံနက် ၉ နာရီက အင်ကြင်းကန် အုပ်စုကွင်းအမှတ် ၁၁၁၄/၁၅ မေတ္တာကန်ကွင်းရှိ တောင်သူဦးစန်းအောင်၏ ဦးပိုင်အမှတ်(၁၀/၅) မှ မနောသုခမိုးစပါးစိုက်ခင်းအား ရိတ်သိမ်းရာ **(ဝဲပုံ)** တစ်ဧကအထွက်နှုန်း ၆၇ ဒသမ ၈၄ တင်းထွက်ရှိသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်မြေစာရင်းဦးစီးမှူး ဦးထွန်းလှအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးညွန့်ဆန်းထွန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ဌေး၊ မြေစာရင်းဝန်ထမ်းများနှင့် စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရှိရသည်။

(ခရိုင်မြေစာရင်း)



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား နယ်သာလန်နိုင်ငံ Netherlands Council for Trade Promotion (NCH) ဦးဆောင်ညွှန်ကြားရေးမှူး Mr. Gerard C. Vaandrager ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား နယ်သာလန်နိုင်ငံမှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့်အခြေအနေများ ရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၁၂**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား နယ်သာလန်နိုင်ငံ Netherlands Council for Trade Promotion (NCH) ဦးဆောင်ညွှန်ကြားရေးမှူး Mr. Gerard C. Vaandrager ဦးဆောင်သောအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် NCH အဖွဲ့က မြန်မာနိုင်ငံတွင် စွမ်းအင်နှင့်ပတ်သက်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်လိုကြောင်းနှင့် ဆောင်ရွက်ခွင့်ရရှိနိုင်မည့် အခွင့်အလမ်းများ၊ သိရှိလိုသည်များအား မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခြေအနေများနှင့် မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၃-၁၂-၂၀၁၁ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၁၅ ၈။ "တရုတ်နိုင်ငံ၏ လေစွမ်းအင်အသုံးပြုမှု"
၈း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၀၅ ၇။ ထုတ်ကုန်များအရည်အသွေးမီ အမှတ်(၂) စက္ကူစက်ရုံ ရေနီ
၅း၂၅ ၈။ ရင်မှာစွဲထင်တေးအလှသံစဉ်
၅း၄၀ ၉။ "ကြိုဆိုလျက်ပါ"
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ ကြမ္မာ" (ဒုတိယတွဲ)(အပိုင်း-၂၅)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ "ချိုမြိန်ရသာမုန့်ကမ္ဘာ"
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၈)**
၂၀။ **အိန္ဒိယရုပ်ရှင် "လောဘသားကောင်ရဲ့ မရဏကစားပွဲ" (အပိုင်း-၁)**
၂၁။ အစီအစဉ်ပြီး၏။

# စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. K. Shanmugam နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H. E.Mr. Chua Hian Kong Robert နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁ နာရီတွင် ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းရှိ နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့ရုံးခွဲ(ရန်ကုန်)သို့ သွားရောက်ပြီး နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့ဝင်များ ဖြစ်ကြသော ဦးကိုကိုလှိုင်၊ ရဲမှူးကြီး စစ်အေး(ငြိမ်း)နှင့် ဒေါက်တာစိန်လှဗိုလ်တို့နှင့် တွေ့ဆုံသည်။

ယင်းနောက် ဧည့်သည်တော် နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့သည် ညပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ကြည်ညိုကြသည်။

(သတင်းစဉ်)



စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. K. Shanmugam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့နှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

**မြန်မာ့ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ် လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်ဥမ္မာတို့က မော်လမြိုင်တောင်ဝိုင်း ဘိုးဘွားရိပ်သာသို့ နှစ်စဉ်အလှူအဖြစ် ငွေပဒေသာပင် ငွေကျပ်ငါးသိန်းနှင့် အဘိုးအဘွားအသုံးအဆောင်ပစ္စည်းများကို နိုဝင်ဘာ ၅ ရက်က အဖွဲ့ဥက္ကဋ္ဌ ဦးခင်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(၃၀၇)



# အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၂၀)နှင့် စာရေးဝန်ထမ်း အခြေခံသင်တန်း အမှတ်စဉ်(၃၄)တို့၏ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အရာထမ်းငယ် အခြေခံသင်တန်းအမှတ်စဉ် (၂၀)နှင့် စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ် (၃၄)တို့၏ သင်တန်းဆင်း အခမ်းအနားကို ဒီဇင်ဘာ၂ ရက် နံနက် ၇ နာရီခွဲတွင် ပတ္တမြားခန်းမ၌ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်ကိုယ်စား ဒုတိယပါမောက္ခချုပ် (လေ့ကျင့်သင်ကြားရေး) ဦးနေဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းအသီးသီးမှ သင်တန်းသား၊ သင်တန်းသူ စံပြဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၂၀)သို့ သင်တန်းသား ၁၀၄ ဦး၊ သင်တန်းသူ ၁၀၀ စုစုပေါင်း ၂၀၄ ဦးနှင့် စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၃၄)သို့ သင်တန်းသား ၆၂ဦး၊သင်တန်းသူ ၁၂၉ ဦး စုစုပေါင်း ၁၉၁ ဦးတို့တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၄ ပတ်စီ ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

# တောင်ကြီးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ယာဉ်တိုက်ခိုက်မှုအန္တရာယ်ကျဆင်းရေး ဟောပြောပွဲကို နိုဝင်ဘာ ၂၅ ရက်က သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဦးစီးဌာနမှူး ဦးကျော်အေးလွင်က တာဝန်ကြီး(၄)ရပ်အကြောင်းကို လည်းကောင်း၊ စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်အပါအဝင် လမ်းအသုံးပြုသူများ သိသင့်သိထိုက်သော အချက်အလက်များကိုလည်းကောင်း၊ ဒု-ရဲအုပ်မြင့်အောင်က ယာဉ်မဆင်မခြင် မောင်းနှင်မှုကြောင့် ဖြစ်ပွားပုံအဆင့်ဆင့်ကို လည်းကောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

# ညောင်လေးပင်မြို့နယ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၏ (၉)ကြိမ်မြောက် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၂၃)

# မီးလောင်မှုလျော့နည်းကျဆင်းစေရန်

(က) မီးသုံးစွဲလျှင် အမြဲသတိရှိပြီး လူစောင့်ထားပါ။
(ခ) မီးဖိုအနီးတွင် လောင်စာနှင့်လောင်စာဆီများ မထားပါနှင့်။
(ဂ) မီးဖိုများကို မြေကျင်းတူး၍ စနစ်တကျအသုံးပြုပါ။
(ဃ) ကလေးသူငယ်များကို မီးမဆော့ပါစေနှင့်။
(င) မီးခွက်၊မီးအိမ်၊ ဖယောင်းတိုင်များကို ထရံအနီး၊ ခြင်ထောင်အနီးတွင် မထွန်းပါနှင့်။
(စ) တောမီးလောင်မှုကြောင့် အဆောက်အအုံများကို မီးကူးစက်လောင်ကျွမ်းခြင်း မခံရအောင် ရွာပတ်ဝန်းကျင်တွင် လုံလောက်သော မီးတားလမ်းများ စနစ်တကျပြုလုပ်ထားပါ။
(ဆ) လူနေအိမ်ခြေနှင့် ကပ်လျက်ကောက်ရိုးပုံ၊ ပြောင်းပုံများစုမထားပါနှင့်။
(ဇ) ဓာတ်ဆီရောနှောထားသော ရေနံဆီများကို မီးမထွန်းပါနှင့်၊ မီးလည်း မမွှေးပါနှင့်။
(ဈ) ကောက်ရိတ်သိမ်းချိန်တွင် လယ်ကွင်းအတွင်း၌ ဆေးလိပ်သောက်ခြင်း၊ မီးကိုအသုံးပြုခြင်းမလုပ်ပါနှင့်။
(ည) အမဲလိုက်၊ ထင်းခွေသူများ ဆေးလိပ်မီးကို အရမ်းပစ်ခြင်းမပြုလုပ်ပါနှင့်။
(ဋ) ဟိုတယ်၊ မိုတယ်၊အင်း၊တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လုပ်ငန်းများတွင် ထိရောက်သော မီးဘေးကာကွယ်ရေးပစ္စည်းများကို လုံလောက်စွာထားရှိပါ။
(ဌ) မြို့/ရပ်ကွက်၊ ကျေးရွာများအလိုက် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများကို ကိုယ့်အားကိုယ်ကိုး ဝယ်ယူထားပါ။

**မီးသတ်ဦးစီးဌာန**



မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ ယာယီ သီတင်းသုံးစံပယ် အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)



# မန္တလေးမြို့၌ ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုလှူဒါန်းကြလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၂

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး ဗုဒ္ဓရုပ်ပွားတော်ရှေ့၌ ဒီဇင်ဘာ ၈ ရက်မှစတင်၍ ယာယီသီတင်းသုံးစံပယ်အပူဇော်ခံလျက်ရှိရာ ယနေ့ ပဉ္စမနေ့တွင် နံနက်ပိုင်းမှ ညပိုင်းအထိ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် နံနက်ပိုင်းတွင် ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်နှင့်အတူ ကြွရောက်လာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော် သံဃာတော်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုမှ ဧည့်သည်တော်တို့အား ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် ကျောက်စိမ်းပုတီးများ လှူဒါန်းပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ကျိုက်လတ်ဓမ္မသာလာ ဆွမ်းစားဆောင်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ကြည်ညို၍ တရုတ်ဘုန်းတော်ကြီးအား ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်နှင့် ကျောက်စိမ်းပုတီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်သုမ္မမဏိဇောတရေ ဦးစိုးနိုင်(လူမှုထူးချွန်တတိယဆင့်)+ ဇနီး ဒေါ်အေးအေးခိုင် (အေးအေးခိုင်ကျောက်မျက်တူးဖော်ရောင်းဝယ်ရေး ကုမ္ပဏီ)မိသားစုတို့က တရုတ်ဘုန်းတော်ကြီးများအား ကျောက်စိမ်းရုပ်ပွားဆင်းတုတော်နှင့် ကျောက်စိမ်းပုတီးများကို ဆက်ကပ်လှူဒါန်းကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုမှ ဧည့်သည်တော်များအား ကျောက်စိမ်းပုတီးများကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်ကြည်ညိုသည်။

မြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ သဒ္ဒါဖွေးဖြူပေးလှူနိုင်ရေး ဖွင့်လှစ်အလှူခံလျက် ရှိသည့်အလှူခံဌာနများသို့ ယနေ့တွင် မန္တလေးမြို့ လမ်း(၈၀) (၃၆×၃၇)လမ်းကြား အမှတ်(၆၀၄)နေ ဦးအန်ဟိုင်း+ ဒေါ်အေးသီ (လုံဟိုင်းကျောက်မျက်ကုမ္ပဏီ) မိသားစုက ငွေကျပ် သိန်းသုံးဆယ်၊ ကွယ်လွန်သူ မိဘဘိုးဘွားများအား ရည်စူး၍ တောင်ကြီးမြို့နေ ဒေါ်နန်းကျင် သား၊ သမီး မြေးမြစ်တစ်စုက ငွေကျပ် ဆယ်သိန်း၊ မန္တလေးမြို့နေ ဦးချစ်ရွှေ+ ဒေါ်ခမ်းစိန်မိသားစုက ငွေကျပ် ငါးသိန်းငါးသောင်း၊ မန္တလေးမြို့နေ ဆင်စွယ်ဆရာကြီး ဦးတင်အောင်+ ဒေါ်အမာညို မိသားစု၊ ဗန်းမော်မြို့နေ ဦးသာဌေး+ဒေါ်ဝမ်းတင်၊ ဒေါ်သိန်းမြင့်၊ ဦးဌေးမြင့်+ဒေါ်ဌေးဌေး၊ တူ တူမများ မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ မန္တလေးမြို့နေ ဦးပါ တိုင်းရေနံ(ငြိမ်း)+ ဒေါ်ထိပ်တင်မေ မိသားစုတို့က ငွေကျပ် ဆယ်သိန်းတန်ဖိုးရှိ နဝရတ်ကိုးပါး လက်စွပ်တစ်ကွင်း၊ ပြင်ဦးလွင်မြို့နေ ဦးသန်းဌေး + ဒေါ်သန်းသန်းအေး မိသားစုက ငွေကျပ် ဆယ်သိန်းတန်ဖိုးရှိ ပုလဲဟန်းချိန်းတစ်ခု၊ မြတန်းလက်စွပ်တစ်ကွင်း၊ ကျောက်ဖြူလက်စွပ်တစ်ကွင်းနှင့် ကျောက်နီလက်စွပ်တစ်ကွင်း၊ မန္တလေးမြို့နေ မောင်သီဟအောင်က ငွေကျပ်ရှစ်သိန်းတန်ဖိုးရှိ ရွှေဆွဲကြိုးတစ်ကုံး၊ မန္တလေးမြို့နေ ဦးညွန့်ဦး+ ဒေါ်တင်သန်းဌေး(မောရိယ) မိသားစုတို့က ငွေကျပ် ငါးသိန်းတန်ဖိုးရှိ စိန်ကိုးပွင့်ပါ ရန်အောင်လက်စွပ်တစ်ကွင်း၊ မော်လမြိုင်မြို့နေ ဦးတင်ရွှေ+ ဒေါ်ခင်ကြည်မိသားစုတို့က ငွေကျပ် လေးသိန်းတန်ဖိုးရှိ ဒေါင်ဆွဲသီးတစ်ကုံး အပါအဝင် အလှူရှင်များက လာရောက်လှူဒါန်းကြရာ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်းနှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

နိုဝင်ဘာ ၂၉ ရက်နှင့် ဒီဇင်ဘာ ၈ ရက်မှ ယနေ့ညနေ ၅ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေ ၄၅၆၇၄၄၉၄၉ ကျပ်၊ အမေရိကန်ဒေါ်လာ ၄၇၃၃၊ ယူရို ၃၀၅၊ ထိုင်းဘတ် ၂၆၀၀၊ စင်ကာပူဒေါ်လာ ၁၁၄၈ ဒသမ ၅၀၊ တရုတ်ယွမ် ၇၀၁၀ ဒသမ ၄၉၊ မလေးရှား ရင်းဂစ် ၁၉၄၊ အက်ဖ်အီးစီ ယူနစ် ၂၀၇၊ အိန္ဒိယ ရူပီး ၂၁၈၊ အီဂျစ်ငွေ ၅၀၊ ကိုရီးယား ဝမ် ၅၀၀၀၀၊ ဖိလစ်ပိုင် ပီဆို ၁၆၀၊ ဗီယက်နမ် ဒေါင် ၁၃၄၀၀၊ အင်ဒိုနီးရှား ရူပီး ၅၁၁၃၂ နှင့် ရွှေငွေကျောက်မျက် လက်ဝတ်ရတနာ မျိုးစုံ ၁၆၄၅ ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၅၁၀၁၀၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၃-၁၂-၂၀၁၁ (အင်္ဂါနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "ဒုက္ခရရာမူလနှစ်ဖြာ" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၅၄)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန့်ရာ"(အပိုင်း-၇)**
၈း၅၀ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁)
၈း၅၅ People's Choice Award 2011 (Part-3)
၉း၄၀ Cartoon Show Time
၁၀း၀၀ Activities in The City
၁၀း၁၅ အလက(၄) မြောက်ဉက္ကလာပ ကျောင်းဆောင်သစ်လွှဲပြောင်းပွဲ
၁၀း၃၀ Celebrity Style
၁၀း၅၅ မဒေါက် (အထက)မှ အေးရိပ်ဆာယာပူဇော်ပွဲ
၁၁း၁၀ မြတ်နိဗ္ဗာန်သို့ရည်ကာမျှော် မြတ်သောအလှူဒါနတော်
၁၁း၂၅ ET ဖောင်ဒေးရှင်းနှင့် ပြည်တွင်းပြည်ပအလှူရှင်များ၏ ကထိန်အလှူတော်မင်္ဂလာ
၁၁း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး"(အပိုင်း-၂၈)**
၁၂း၂၅ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၏ စုပေါင်းမဟာ ဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနား
၁၂း၄၀ ကျေးဇူးတော်ရှင် ဆားတောင်ဆရာတော်ကြီး၏မွေးနေ့ပူဇာပွဲ
၁း၀၀ "ဒုက္ခရရာမူလနှစ်ဖြာ" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ရယ်စရာဗေးရှင်း (ပွဲဆိုမှုပွဲ)
၂း၅၀ သာသနာတော်အတွက် မလွန်ဈေးဆန်လှူအသင်းကြီး၏ တစ်နှစ်တာဆောင်ရွက်ချက်
၃း၀၅ ဝက်ခြံနှင့် အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာ ဆွေးနွေးခန်း
၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၅၄)**
၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန့်ရာ" (အပိုင်း-၇)**
၅း၀၅ ထူးမြတ်သဒ္ဓါ မြတ်ပူဇာ (၁၉၇၁)ခုနှစ် မန်းမြေစိုက် တက္ကသိုလ်ကျောင်းဆင်းများ၏ အာစရိယပူဇာသဘင်
၅း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂၈)**
၆း၀၀ MRTV-4 သတင်း
၆း၁၅ ရန်ကုန်မြင်ကွင်းကျယ်
၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၅၅)**
၇း၂၀ Celebrity Choice
၇း၄၀ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏သာယာဝတီခရိုင်နှင့်ရန်ကုန်မြောက်ပိုင်းခရိုင်များသို့ ကွင်းဆင်းလေ့လာရေးခရီးစဉ်
၈း၀၀ MRTV-4 သတင်း
၈း၃၀ တောင်ကြီးစက်မှုလက်မှုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ
၈း၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၁၅ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၂)
၉း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန့်ရာ"(အပိုင်း-၈)**
၁၀း၁၅ The Champion of Dance
၁၀း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂၉)**
၁၁း၃၀ အနုပညာမိုးကောင်းကင်
၁၁း၅၀ အလှုဂုဏ်ဆောင်လူကြိုက်များ မြန်မာ့ဂုဏ်ရောင်မင်းဟန် ကျောက်စိမ်းပြား
၁၂း၀၅ World of Knowledge
၁၂း၅၅ အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး (ပါမောက္ခဒေါက်တာမြင့်မောင်မောင်)
၁း၁၀ ဖန်တီးသူနှင့်အနုပညာ
၁း၄၀ **ရင်နှစ်ပန်းတို့လန်းစေချင်** (ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ) [ဒါရိုက်တာ-သိန်းဟန် (ဖိုးနစ်)]
၁း၅၀ Box Office Movies
၂း၁၅ ဆင်စွယ်ပန်းပုအခြေပြု လူ့လောကကို အလှဆင်မည်
၂း၃၅ နုယဉ်ဆန်းထွင်ပန်းအလှဆင်
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ ချောက်မြို့နှင့် (၄)မိုင်အကွာ. . .
၄း၁၀ စက္ကူလွှင်လွှင်ပန်းယဉ်ယဉ် အလှဆင်စေချင်
၄း၂၀ လှမ်းခဲ့ပါဆွေ "မနောမြေ"
၄း၃၀ ဟသ်ာတမြို့မှ အထင်ကရနေရာများ
၄း၄၀ ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားဖူးခရီးသွားမှတ်တမ်း (အပိုင်း-၂)
၅း၀၀ အစီအစဉ်ပြီး။

# လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းရှိ မြည်းလာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်သီဂီကျော်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးက ကျောင်းသူ မလွင်လွင်စိုးအား လသာရတနာဆုစလွယ်နှင့် ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အဆိုပါကျောင်းမှ အဆင့်(၁)မှ (၁၀)အတွင်း ရရှိကြသူများ၊ ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများ၊ ဘက်စုံပညာ၊ စာပေ၊ ဂီတနှင့် အားကစားထူးချွန်ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)



နိုဝင်ဘာ ၂၆ ရက်က ကျင်းပသည့် သဃ်န်းကျွန်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးလှဝင်း သတ္တမတန်းတွင် ပညာရည်ချွန်ဆု ပထမရရှိသည့် မဝေမာသူအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)



# ဒီဇင်ဘာလထုတ် ဓမ္မရိပ်မဂ္ဂဇင်းထွက်ပြီ



၂၀၁၁ ဒီဇင်ဘာလထုတ် ဓမ္မရိပ် မဂ္ဂဇင်း အတွဲ(၄) အမှတ်(၁၂)တွင် ခေါင်းဆောင်ကောင်း နောက်လိုက်ကောင်းဆိုသည့် အယ်ဒီတာ့အာဘော်နှင့်အတူ နိုင်ငံတကာဗုဒ္ဓဘာသာသတင်း၊ ဓမ္မဒေသနာ၊ လူငယ်နှင့်ဘာသာရေး၊ ဘာသာရေးအတွေးအမြင်၊ ဗုဒ္ဓနည်းကျ စီမံခန့်ခွဲမှုပညာ၊ ထေရဝါဒမှတ်ကျောက်၊ ထေရုပ္ပတ္တိ၊ ဓမ္မသာကစ္ဆာ၊ အက်ဆေး၊ ဝတ္ထု၊ ဘာဝနာ၊ အင်တာဗျူး၊ ဘာသာပြန်စသည့် ကဏ္ဍအသီးသီးကို ဖတ်ရှုရမည်ဖြစ်ပြီး ကဗျာကဏ္ဍ၌ ကိုပေသန်းလွင်(မြန်အောင်)၊ မောင်လပြည့်(ဟသ်ာတ)၊ စောဝေ၊ သူမိုးစိုး(ဒိုက်ဦး)၊ ဝေးလွင့်၊ မဟူရာစောလွင်(ပခုက္ကူ)တို့၏ ကဗျာများကို ခံစားလျက် တုံးမောင်း၏ ကျောင်းရိပ်ကန်ရိပ်နှင့် မျိုးမင်းမြတ်၏ ကာတွန်းတို့ကိုဖတ်ရှု၍ ရယ်မောရမည်ဖြစ်သည်။

# Android Application ရေးသားဖန်တီးခြင်း အခြေခံသဘောတရားများ



ဆရာဝင်းဟိန်းပြုစုရေးသားသော Android Application ရေးသားဖန်တီးခြင်းအခြေခံသဘောတရားများ စာအုပ်ထွက်ရှိလာသည်။ ယနေ့ခေတ်လူငယ်များအတွက် မောင်းနှင်စနစ်သုံးသော မိုဘိုင်းလ်ဖုန်းများအတွက် Program၊ Application များ Programming ကို စိတ်ဝင်စားသောလူများအတွက် ပြုလုပ်ထားသည်။ မိုဘိုင်းလ်ဖုန်းများအတွက် Programm ရေးသားခြင်းဖြင့် ခေတ်၏ လိုအပ်ချက်များအတွက် ဖြည့်ဆည်းပေးထားသည်။ စွန့်ဦးတီထွင်လိုသူ၊ အင်ဂျင်နီယာပညာရပ်နှင့် ကွန်ပျူတာပညာရပ်ဆိုင်ရာ ကျောင်းသား၊ သင်တန်းသားများအတွက် အသုံးပြုနိုင်သည်။ စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ် (၃၉)လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅ မှဖြန့်ချိလိုက်သည်။

# စာရေးဆရာ ကမ္ဘာလှူသားစိုးဝင်း၏ စာအုပ်ထွက်ရှိ



စာရေးဆရာ ကမ္ဘာလှူသားစိုးဝင်း ပြုစုရေးသားသော နေမင်းတစ်ရာ လဝန်းတစ်ထောင် ကြယ်စင်တစ်သိန်း သို့မဟုတ် အမှန်တရားနှင့်အတူ နေထိုင်ခြင်း သို့မဟုတ် ကမ္ဘာကြီးကို ကျွန်တော်တို့ ပြောင်းလဲကြရအောင် စာအုပ်ကို မျိုးဆက်သစ်စာအုပ်တိုက်မှ ယခုဒီဇင်ဘာလတွင် ဖြန့်ချိလိုက်သည်။ ၎င်းစာအုပ်တွင် စာရေးသူ၏ အသက်(၆၀)လောကသဘာဝအတွေ့အကြုံ ရင်တွင်းခံစားချက်စေတနာနှင့် တွေးခေါ် မြော်မြင်မှုတို့ဖြင့် ယနေ့ကမ္ဘာကြီး၏ ပြဿနာများ၊ သဘာဝဘေးအန္တရာယ်များ၊ လူသားတွေရင်ဆိုင်နေရသည့် ဒုက္ခအဝဝတို့ လုံးဝနီးပါးကွယ်ပျောက်သွားအောင် အမှန်တကယ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို တင်ပြထားသည်။ ဤစာအုပ်ကို ဖတ်ရှုပြီးလျှင် ခေတ်သစ်ကမ္ဘာတွင် နေထိုင်လိုသည့် စိတ်ဆန္ဒများတဖွားဖွားပေါ်ပေါက်လာမည်ဖြစ်သည်။ ပထမအကြိမ်ထုတ်ဝေခြင်းဖြစ်ပြီး စာအုပ်တန်ဖိုးမှာ ငွေကျပ် ၁၈၀၀ ဖြစ်သည်။

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဒီဇင်ဘာ(ဒုတိယပတ်) လူထုလမ်းလျှောက်ပွဲနှင့် မူလတန်းကျောင်း ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မွန်ပြည်နယ် ၂၀၁၁ခုနှစ် ဒီဇင်ဘာ(ဒုတိယပတ်) အားကစားလ လူထုလမ်းလျှောက်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၅ နာရီခွဲတွင် မော်လမြိုင်မြို့ ကမ်းနားလမ်း Strand Hotel အနီး စုရပ်၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်ဝန်ကြီးများ၊ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်ပြည်သူများသည် စုရပ်ကမ်းနားလမ်းတစ်လျှောက်၊ ထားဝယ်တံတားလမ်း၊ ဗဟိုလမ်းမကြီးတစ်လျှောက်၊ ယင်းနောက်မော်လမြိုင်မြို့ ရာမညအားကစားပြိုင်ကွင်းအထိ တပျော်တပါးပါဝင်ဆင်နွှဲကြပြီး ရာမညအားကစား ပြိုင်ကွင်းအတွင်း၌ စုပေါင်း၍ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)နှင့် အတွဲ(၂)တို့ကိုပြုလုပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ဈေးကြိုရပ်ကွက် ဈေးကြိုဆန်တန်း အခြေခံပညာမူလတန်းကျောင်း အေးရိပ်မြိုင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ပြည်နယ်လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာလှဦး၊ ပြည်နယ်ပညာရေးမှူး ဦးမင်းထွန်းတင်နှင့်အလှူရှင်ဦးခင်ဝင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အလှူရှင်ဦးခင်ဝင်းက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ပညာရေးမှူး ဦးမင်းထွန်းတင်က လက်ခံသည်။

ထို့နောက် ကျောင်းဆောင်သစ်အလှူရှင် ဦးခင်ဝင်းက အခြေခံပညာကျောင်း ၃၉ ကျောင်းသို့ ကွန်ပျူတာ ၄၂ လုံး၊ ဆက်စပ်ပစ္စည်းနှင့် ဆရာ/ဆရာမ၊ ဝန်ထမ်း ၁၈၀၀ အတွက် ဝတ်စုံများလှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးအောင်စိုးမြင့်က လက်ခံသည်။

ယနေ့ဖွင့်လှစ်သော အေးရိပ်မြိုင်ကျောင်းဆောင်သစ်သည် အလျားပေ ၉၀ နှင့် အနံပေ ၃၀ ရှိ RC တစ်ထပ်အဆောက်အအုံဖြစ်ကာ ကျောင်းသားဟောင်းဦးခင်သိန်း၊ ဒေါ်နှင်းကြည်၊ သား ဦးခင်ဝင်းမိသားစုက လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိနှင့် ကယားပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်နှင့် မိုးကုတ်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(ရေဆင်း)တွင် ၁ ဒသမ ၁၈ လက်မနှင့် ပင်လောင်းမြို့တွင် သုည ဒသမ ၆၃ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

# (၃၇)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် (၃၇) ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

အစီအစဉ်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဦးဆွေငြိမ်းက တတိယတန်း တစ်ဦးချင်း ကစားခုံဆုရရှိသူများနှင့် တတိယတန်း အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (ခ) အသင်း၊ ဒုတိယဆုရ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (က)အသင်း၊ တတိယဆုရ လယ်/ဆည်အသင်းတို့အားလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးထွန်းဇော်က ဒုတိယတန်း တစ်ဦးချင်း ကစားခုံဆု ရရှိသူများနှင့် ဒုတိယတန်း အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ လယ်/ဆည်အသင်း၊ ဒုတိယဆုရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်း၊ တတိယဆုရ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့အားလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးဝင်းမောင်တင်က ပထမတန်းတစ်ဦးချင်း ကစားခုံဆု ရရှိသူများနှင့် ပထမတန်း အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ လယ်/ဆည်အသင်း၊ တတိယဆုရ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ဦးက အမြန်ရွှေ့ကစား ခုံဆုရရှိသူများနှင့် အမြန်ရွှေ့ အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်း၊ တတိယဆုရ လယ်/ဆည် အသင်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က တတိယတန်း အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက် ဒိုင်းဆုရရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (ခ) အသင်းနှင့် ဒုတိယတန်း အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော လယ်/ဆည် အသင်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပထမတန်း အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် အမြန်ရွှေ့အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်လိုက်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းအား စွယ်စုံတံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)က ကြီးမှူးဖွင့်လှစ်သည့် ကြီးကြပ်အဆင့်ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ လသာလမ်းရှိ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) သင်တန်းခန်းမ၌ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးလှရွှေက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ရုံးချုပ်နှင့် မြို့နယ်ဘဏ်ခွဲများမှ ဒုတိယကြီးကြပ်ရေးမှူး ၃၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

# မပြီးဆုံးသေးသည့် တီဗက်ဇ်၏ အပြောင်းအရွှေ့ပုံပြင်

## မောင်သာယာ

အီတလီစီးရီးအေ ထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် အေစီမီလန်အသင်းက မန်စီးတီးအသင်းတွင် အသင်းနှင့် အဆင်မပြေဖြစ်နေသူ အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်ကို လာမည့် ဘောလုံးရာသီတွင် ယူရို ၂၃ သန်းဖြင့် အငှားစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကို မန်စီးတီးအသင်းက ပယ်ချလိုက်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အေစီမီလန်အသင်းက တီဗက်ဇ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူလိုကြောင်း တရားဝင်ကမ်းလှမ်းမှုအဆိုပြုလွှာကို ဒီဇင်ဘာ ၆ ရက်က မန်စီးတီးအသင်းထံ ပေးပို့ခဲ့သော်လည်း မန်စီးတီးအသင်း တာဝန်ရှိသူများက ယင်းကမ်းလှမ်းမှုကို ဒီဇင်ဘာ ၁၁ ရက်တွင် ငြင်းပယ်လိုက်သည်။

တီဗက်ဇ်နှင့် မန်စီးတီးအသင်းတို့သည် တီဗက်ဇ်ကို ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီမှုရခဲ့ပြီဟူသော သတင်းများလည်း ပေါ်ထွက်ခဲ့ဖူးသည်။ ပီအက်စ်ဂျီအသင်းက တီဗက်ဇ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူလိုကြောင်း အောက်တိုဘာလကတည်းက ချဉ်းကပ်ခဲ့သော်လည်း နှစ်ဖက်စလုံးက အပြောင်းအရွှေ့ကိစ္စကို ပြီးပြတ်အောင် မဆောင်ရွက်နိုင်ခဲ့ကြပေ။ တီဗက်ဇ်နှင့်နီးစပ်သည့် သတင်းအရင်းအမြစ်များက တီဗက်ဇ်နှင့် ပီအက်စ်ဂျီ အသင်းတို့ မည်သည့်စာချုပ်မျှ မချုပ်ဆိုခဲ့ကြဟုဆိုသည်။

"မန်စီးတီးအသင်းတာဝန်ရှိသူတွေက တီဗက်ဇ်ကို အငှားစာချုပ်နဲ့မဟုတ်ဘဲ အပြီးရောင်းချင်နေတာဗျ"ဟု အေစီမီလန်အသင်းအမှုဆောင်ချုပ် အန်ဒရီနိုက အီတလီသတင်းမီဒီယာများသို့ ပြောကြားသည်။

၎င်းကဆက်လက်၍ "တီဗက်ဇ်ကို ပီအက်စ်ဂျီအသင်းကလည်း စိတ်ဝင်စားနေတာဆိုတော့ အပြောင်းအရွှေ့ကိစ္စ ဆွေးနွေးဖို့က ကြာဦးမယ်ထင်ပါတယ်။ အပြောင်းအရွှေ့ဈေးကွက်က ဘာမဆိုဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် တီဗက်ဇ်ရဲ့ အပြောင်းအရွှေ့ကိစ္စနဲ့ ပတ်သက်လို့ ဘာမှကြိုပြီး မပြောနိုင်ပါဘူး။ တီဗက်ဇ်ကို တခြားအီတလီအသင်းတွေရော အင်္ဂလန်အသင်းတွေကပါ စိတ်ဝင်စားနေကြပါတယ်"ဟု ပြောကြားသည်။

**အင်တာနက်။**



**မန်စီးတီးအသင်းနှင့် အဆင်မပြေဖြစ်နေသူ ကားလို့စ်တီဗက်ဇ်။**



**ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဒီဇင်ဘာဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၅ နာရီက ကျင်းပရာ ပန်းခြံစုရပ်မှ လှိုင်မြစ်လမ်း ကမ်းနားအနောက်အောင်ဇေယျတံတားပေါ်စုရပ်အထိ စုပေါင်းလမ်းလျှောက်ကြစဉ်။** (၆၈၄)

# ဒီမောဆိုမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

၂၀၁၁ ခုနှစ် ကယားပြည်နယ် ဒီမောဆိုမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၀ ရက်တွင် ဒီမောဆိုအားကစားကွင်း၌ ကျင်းပရာ ဆောင်တူရွာသစ်အသင်းက ငံရိုးကျေးရွာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကုန်းသာကျေးရွာအသင်းနှင့် ငွေတောင်(ခ)အသင်းတို့ တစ်ဖက် သုံးဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

ဒီဇင်ဘာ ၁၂ ရက်တွင် ဆင်တောင်ကျေးရွာအသင်းနှင့် စံပြ(၆)မိုင်ကျေးရွာအသင်း၊ ဒီ/ကျေးရပ်ကွက် အသင်းနှင့် နောင်ပုလဲရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံတကာ အနုပညာ ရပ်ဝန်း

# လေဒီဂါဂါကို တွေ့ဆုံမေးမြန်းခဲ့သည့် ရှာရွတ်ခန်

## အေဝမ်းစိုး

အိန္ဒိယဘောလိဝုဒ် စူပါစတား ရှာရွတ်ခန်က အမေရိကန်ပေါ့ပ်အဆိုတော် လေဒီဂါဂါနှင့် တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့ပုံကို အိန္ဒိယနိုင်ငံရှိ UTV Bindass ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့သည်။

ယင်းသို့တွေ့ဆုံမေးမြန်းမှုပြုလုပ်စဉ် လေဒီဂါဂါက သူမ၏ ဂီတနှင့် ပတ်သက်၍ စိတ်ကူးစိတ်သန်းကွန့်မြူးပုံနှင့် လူဝင်စားကို ယုံကြည်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ရှာရွတ်ခန်က လေဒီဂါဂါကို "အဆိုတော်တစ်ယောက် ဖြစ်မလာခဲ့ဘူးဆိုရင် ခုအချိန်မှာ ဘာဖြစ်နေမလဲ" ဟု မေးမြန်းရာ "ကျွန်မက အဆိုတော်ဖြစ်ဖို့ကိုပဲ အမြဲစိတ်ကူးယဉ်ခဲ့တာ အဆိုတော် ပဲဖြစ်မှာပေါ့" ဟု ပြန်လည်ဖြေကြားခဲ့သည်။

လေဒီဂါဂါကလည်း ရှာရွတ်ခန်ကို "သရုပ်ဆောင်မင်းသား မဖြစ်ခဲ့ရင် ရှင်ဘာလုပ်ဖြစ်နေမှာလဲ"ဟု မေးမြန်းရာ "ကျွန်တော့်ရေချိုးခန်းထဲမှာတော့ သရုပ်ဆောင်အမူအရာတွေ လုပ်မိနေမှာပဲ" ဟု သရုပ်ဆောင်မှုနှင့် ပတ်သက်၍ ရူးသွပ်ခဲ့ပုံကို ပြောပြသည်။

လေဒီဂါဂါက ဘောလိဝုဒ်ရုပ်ရှင်များကို နှစ်သက်သဘောကျကြောင်းနှင့် တစ်စိတ်တစ်ပိုင်းခန့် ပါဝင်သရုပ်ဆောင်လိုကြောင်း ပြောကြားရာ ရှာရွတ်ခန်က "ကျွန်တော်က ဂါဂါ့ကို ကျွန်တော်နဲ့အတူ ခေါင်းဆောင်မင်းသမီးအဖြစ်နဲ့ကို ပူးတွဲသရုပ်ဆောင်ရိုက်ကူးချင်တာ"ဟု ထုတ်ဖော်ပြောကြားသည်။

လေဒီဂါဂါက "ကျွန်မက ခေါင်းဆောင်မင်းသမီးလုပ်ရလောက်အောင် သရုပ်မှ မဆောင်တတ်တာ၊ အရန်မင်းသမီးပဲ လုပ်ပါရစေရှင်" ဟု ပြန်လည်ပြောကြားခဲ့သည်။

ရှာရွတ်ခန်က ၎င်း၏ RA.One ဇာတ်ကားနောက်ခံတေးသီချင်းများကို Akon နှင့် လေဒီဂါဂါတို့ ပူးတွဲသီဆိုပေးရန်ဆန္ဒရှိခဲ့သော်လည်း ဇာတ်ကား ရိုက်ကူးစဉ်က အချိန်မရခဲ့သောကြောင့် မစီစဉ်နိုင်ခဲ့ပေ။

လေဒီဂါဂါက သူမ၏ အိန္ဒိယနိုင်ငံတွင် ဈေးဝယ်ထွက်သည့် အတွေ့အကြုံများကိုလည်း ပြောပြရာ "ဒီမှာရှိတဲ့ ပစ္စည်းအတော်များများကို သဘောကျပါတယ်။ ကျွန်မက နယူးယောက်မြို့သူဆိုတော့ ဈေးဆစ်တဲ့နေရာမှာ ပြိုင်ဘက်မရှိဘဲ"ဟု ဆိုသည်။

**အင်တာနက်။**

**ဘောလိဝုဒ်မင်းသား ရှာရွတ်ခန်က လေဒီဂါဂါကို မေးမြန်းမှုပြုလုပ်စဉ်။**



# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်း Myanmar Info-Tech ပင်မဆောင်၌ ပြသထားသည့် ရုပ်သံလွှင့်ကုမ္ပဏီများ၏ ရုပ်သံလွှင့်ပစ္စည်းများနှင့် အသုံးပြုနိုင်မှုများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရုပ်သံလွှင့်နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ တက်ရောက် ရုပ်သံလွှင့်ကုမ္ပဏီများ၏ ရုပ်သံလွှင့်ပစ္စည်းများနှင့် အသုံးပြုနိုင်မှုများကို လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၁၂

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech Conference Hall ၌ Forever Group Co., Ltd. နှင့် မလေးရှားနိုင်ငံမှ Asia-Pacific Broadcasting Union တို့ ပူးပေါင်းကျင်းပသည့် ရုပ်သံလွှင့်နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Workshop on Broadcasting Technologies for ASEAN Region) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။**



ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ Forever Group Co., Ltd. နှင့် မလေးရှားနိုင်ငံ Asia-Pacific Broadcasting Union တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့် ပညာရှင်များ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ရုပ်သံအစီအစဉ်များ ထုတ်လွှင့်လျက်ရှိသည့် MRTV၊ မြဝတီ၊ Forever Group Co., Ltd. နှင့် ရွှေသံလွင် ကုမ္ပဏီ၊ အသံလွှင့်အစီအစဉ်များ ထုတ်လွှင့်လျက်ရှိသည့် ပတ္တမြား၊ မန္တလေး၊ ပျဉ်မနား၊ ချယ်ရီနှင့် ရွှေ FM တို့မှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Forever Group Co., Ltd. CEO ဦးဝင်းမော်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မလေးရှားနိုင်ငံ Asia-Pacific Broadcasting Union Technology Division မှ ဒါရိုက်တာ Mr. Sharadindoo Sadhu က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက (ABU) ဒါရိုက်တာ Mr. Sharadindoo Sadhu အား အမှတ်တရလက်ဆောင် ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားသို့ **စာမျက်နှာ ၅ ကော်လံ ၃ သို့ ✳**

# အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရရှိရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ဒေသဖွံ့ဖြိုးရေး ရည်ရွယ် ဒေသခံပြည်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်ခွင့်ပြုတော့မည်

နေပြည်တော် ဒီဇင်ဘာ ၁၂

**မိုးကုတ်ရတနာနယ်မြေမှ ကျောက်မျက်ရတနာများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိရေး၊ ဒေသအတွင်း ဆင်းရဲမှုလျှော့ချရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်ရွယ်၍ဒေသခံပြည်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်လုပ်ကိုင်ခွင့်များရရှိစေရန် မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက်(အသစ်)များကို ရှာဖွေဖော်ထုတ် လုပ်ကိုင်ခွင့်ပြုတော့မည်ဖြစ်ကြောင်း သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၌ ကျင်းပသော မန္တလေးတိုင်းဒေသကြီး မိုးကုတ်ရတနာနယ်မြေ၌ တစ်ပိုင်တစ်နိုင် တူးဖော်နိုင်သော ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက်(အသစ်)များ ချထားပေးရေးဆိုင်ရာ ဆွေးနွေးပွဲ၌ ဆွေးနွေးပြောကြားသည်။**



လုပ်ကိုင်ခွင့်လျှောက်ထားရာတွင် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေသခံများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက လျှောက်လွှာများ လျှောက်ထားပြီး လုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လုပ်ငန်းများအဆင်ပြေစေရေး၊ လွယ်ကူလျင်မြန်စေရေးအတွက် လျှောက်လွှာများလက်ခံခြင်း၊ စိစစ်ခြင်း၊ ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက်အသစ်များ ချထားပေးခြင်းတို့ကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင်သာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စနစ်တကျရှိရေး၊ မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာမှုများ မရှိစေရေးအတွက် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မိုးကုတ်)နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့်လည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လိုက်နာဆောင်ရွက်ရမည့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘငွေနှင့် ဦးမြင့်အောင်တို့က တစ်ပိုင်တစ်နိုင် ကျောက်မျက်ရတနာ ဖော်ထုတ်လုပ်ကွက်(အသစ်)များ ချထားပေးခြင်းကြောင့် မိုးကုတ်မြို့နေ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး ဆင်းရဲမှုများပပျောက်၍ ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မိုးကုတ်ပရိုက်ကုမ္ပဏီလီမိတက်၊ ပတ္တမြားနဂါးကုမ္ပဏီ၊ အိတ်ဆဲလင့်ရှုဘီကုမ္ပဏီလီမိတက်နှင့် ငွေ့ပိုင်ကုမ္ပဏီလီမိတက်တို့က နိုင်ငံတော်နှင့်အကျိုးတူဆောင်ရွက်လျက်ရှိသည့် ကျောက်မျက်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုလေ့လာကြပြီး ပြည်ထောင်စုဝန်ကြီးက အလေအလွင့်မရှိ စနစ်တကျ **စာမျက်နှာ ၅ ကော်လံ ၃ သို့ ❍**

## ဆွေးနွေးပြောကြား

**သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသိန်းထိုက် မိုးကုတ်ရတနာနယ်မြေ၌ တစ်ပိုင်တစ်နိုင် တူးဖော်နိုင်သော ကျောက်မျက်ရတနာ ဖော်ထုတ်လုပ်ကွက်(အသစ်)များ ချထားပေးရေးဆိုင်ရာဆွေးနွေးပွဲ၌ ဆွေးနွေးပြောကြားစဉ်။**

(သတင်းစဉ်)

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးတင်ဦး ပါ ၂၀ ဦးတို့က လျှောက်ထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီတည်ထောင်ခွင့် လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)